ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 May 2024 ၁၁၄၆၅

**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။


၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပညာရှာရမည့်အရွယ်တွင် ပညာရှာဖွေကြခြင်းသည် မှန်ကန်သည့် လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပညာသင်ယူသည့်နေရာတွင်လည်း စာပေဘာသာရပ်တစ်ခုတည်းကို တတ်မြောက်ထူးချွန်ရုံသာမဟုတ်ဘဲ ပြင်ပစာအုပ်၊ စာပေများကို ဖတ်ရှုခြင်းဖြင့် ဖြန့်ကြက်တွေးခေါ်မြော်မြင်နိုင်မှုရှိအောင် ကြိုးစားသွားကြရန်လို

နေပြည်တော် မေ ၂၁

ပညာရှာရမည့်အရွယ်တွင် ပညာရှာဖွေကြခြင်းသည် မှန်ကန်သည့်လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပညာသင်ယူသည့်နေရာတွင်လည်း စာပေဘာသာရပ်တစ်ခုတည်းကို တတ်မြောက်ထူးချွန်ရုံသာမဟုတ်ဘဲ ပြင်ပစာအုပ်၊ စာပေများကို ဖတ်ရှုခြင်းဖြင့် ဖြန့်ကြက်တွေးခေါ်မြော်မြင်နိုင်မှုရှိအောင် ကြိုးစားသွားကြရန် လိုအပ်ကြောင်း၊ သို့မှသာလျှင် အဆိုးအကောင်း၊ အကျိုးအကြောင်း ခွဲခြားသိမြင်မှုနှင့်အတူ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ကောင်းများ ဖြစ်လာကြမည်ပင်ဖြစ်ကြောင်း၊ မိမိတို့ တစ်ဦးချင်းစီ၏ မှတ်တမ်းကောင်းပုံရိပ်များသည် မိမိတို့၏မိဘဆွေမျိုးဂုဏ်ကို ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ မိမိတို့ ကျောင်း၊ ရပ်ရွာမှသည် နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ မှတ်ကျောက်များပင်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် အခြေခံနှင့်တန်းမြင့်ရေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသားသင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေကြောင်းလူငယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ယနေ့ ဖတ်စရာ

ငြိမ်းချမ်းရေးအတွက် စိတ်ခွန်အား၊ ငြိမ်းချမ်းရေးအတွက် အောင်နိမိတ် (ကဆုန်လပြည့်၊ အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့အထူး ) ဆောင်းပါး စာမျက်နှာ » ၆

ဖိလစ်ပိုင်နိုင်ငံ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပီဆို ၉ ဒသမ ၅ ဘီလီယံ ဆုံးရှုံးမှုဖြစ်စေခဲ့ စာမျက်နှာ » ၁၃

ကြေးမုံ

# ကဆုန်လပြည့် ထူးကဲမွန်မြတ်သည့်ဗုဒ္ဓနေ့

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့တကာနေ့တို့တွင် ထူးကဲအမွန်မြတ်ဆုံးနေ့တစ်နေ့ဟု ဆိုထိုက်သည်။ အဘယ်ကြောင့်ဆိုသော် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ ပူဇော်ထိုက်သည့် ဖြစ်စဉ်တော် ၄ ရပ် ရှိနေသောကြောင့်ဖြစ်သည်။ "ဖျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်လမ်း"ဟုဆိုသည့် မြတ်ဗုဒ္ဓ ဗျာဒိတ်ခံယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဟူသည့် ထူးမြတ်သည့်ဗုဒ္ဓဖြစ်စဉ်များ စုဆုံနေသောကြောင့်ဖြစ်သည်။

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမဘုရား စင်စစ်ကေန်ဖြစ်လိမ့်မည်ဟူ၍ ဒီပင်္ကရာမြတ်စွာဘုရားထံတွင် ကဆုန်လပြည့်နေ့၌ နိယတဗျာဒိတ် ခံယူတော်မူခဲ့ခြင်း၊ ခရစ်တော်မပေါ်မီနှစ်ပေါင်း ၂၆၀၀ (ဘီစီ-၆၂၃ ခု) မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားတော်မူခဲ့ခြင်း၊ (ဘီစီ-၅၈၈ ခု) မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူပြီး ဘုရားစင်စစ်ဖြစ်တော်မူခဲ့ခြင်း၊ (ဘီစီ-၅၄၃ ခု) မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ခြင်းဟူသည့် ထူးမြတ်မှုလေးခု ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ နေ့ကောင်းရက်မြတ်တို့သည် မြတ်ဗုဒ္ဓနှင့်သက်ဆိုင်သော ထူးကဲမွန်မြတ်မှုများဖြစ်သည့်အတွက် အားလုံးကိုပေါင်းစု အထွတ်အမြတ်ပြုကာ ကဆုန်လပြည့် ဗုဒ္ဓနေ့ဟု သတ်မှတ်ခေါ်ဝေါ် ပူဇော်ကြခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓ၏ တုနှိုင်းမမီသော ကြည်ညိုဖွယ်ရာ အခြင်းအရာအားလုံးတို့ကို မြန်မာပြည်၌သာမက အခြားသော ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သည့်နိုင်ငံများ၊ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတန်ဖိုးထားသောနိုင်ငံများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးတို့ကလည်း ဤကဆုန်လပြည့်နေ့တွင် ကြည်ညိုကော်ရော် ပူဇော်မှုအထူးထူးတို့ကို ပြုလုပ်ကြသဖြင့် အပြည်ပြည်ဆိုင်ရာ မြတ်ဗုဒ္ဓနေ့ဟုပင် ခေါ်ဆိုကြရမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင် ကဆုန်လပြည့်နေ့၌ ဗုဒ္ဓပူဇနီယသဘင် ပူဇော်ပွဲကျင်းပကြသည်။ အိန္ဒိယနိုင်ငံရှိ ပြည်နယ်အချို့တွင် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်သည်ကို ရည်စူး၍ မဟာပရိနိဗ္ဗာန်သဘင် ပူဇော်ပွဲကျင်းပကြသည်။ မြတ်ဗုဒ္ဓအရှင် မာရ်နတ်ကို အောင်မြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့အဖြစ် မာရ်အောင်နေ့ဟု ခေါ်ဆို ကြသည်။ ကဆုန်လပြည့်နေ့သည် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သည့်အတွက် နက္ခတ်အားသန်သူများက ကောင်းမြတ်သည့်နက္ခတ်နှင့်ယှဉ်၍ မြတ်ဗုဒ္ဓ ဖွားမြင်တော်မူသောနေ့ ဝိသာခါဒေးဟု သတ်မှတ်ပူဇော်ကြသည်။ နိုင်ငံအလိုက်၊ ဒေသအလိုက် ကဆုန်လပြည့်နေ့တွင် မိမိတို့ပညတ်ချက်များဖြင့် ပြုလုပ်ကြသော်လည်း အနှစ်သာရမှာ မြတ်ဗုဒ္ဓကို အလေးအမြတ် ပူဇော်ခြင်းသာဖြစ်သည်။

သီရိလင်္ကာနိုင်ငံနည်းတူ နိုင်ငံလူဦးရေ၏ ၂၂ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် မလေးရှားနိုင်ငံတွင်လည်း မြတ်ဗုဒ္ဓနေ့ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။ မလေးရှားအစိုးရကလည်း နှစ်စဉ် မေလတွင် ကျရောက်သည့် ကဆုန်လပြည့်နေ့ကို အစိုးရဂေဇက်ဝင် ဗုဒ္ဓနေ့ဟု အသိအမှတ်ပြု ကျင်းပခွင့်ပြုသည်။ ကဆုန်လပြည့်နေ့၏ ထူးမြတ်သည့် အမှတ်လက္ခဏာမှာ မဟာဗောဓိပင်ကို ညောင်ရေသွန်းလောင်းပူဇော်ခြင်းဖြစ်သည်။ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပူဇော်ပွဲသည် ရာသီအချိန်ကာလဒေသအားဖြင့် အလွန်လိုက်ဖက် တင့်တယ်လှပါသည်။ နွေဥတု ပြိဿရာသီ ကဆုန်လသည် ရာသီတကာတို့တွင် အပူပြင်းဆုံး၊ အခြောက်သွေ့ဆုံး လတစ်လဖြစ်သည်။ သစ်ပင်များ ညှိုးနွမ်းခြောက်သွေ့ပြီး ရေဓာတ်၊ အအေးဓာတ်လိုနေသောအချိန်အခါဖြစ်သည်။ ထိုအချိန်တွင် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့ကို ရေစင်သွန်းလောင်းပူဇော်ခြင်းသည် လျော်ကန်ကောင်းမွန်ပြီး ကုသိုလ်ထူးကို ရရှိနိုင်ပါသည်။

ကဆုန်လသည် ရှေးအစဉ်အဆက်ကတည်းက လတကာတို့တွင် အပူပြင်းဆုံးလဖြစ်သလို မျက်မှောက်ကာလတွင်လည်း အပူဆုံးလစံချိန်ကို ထိန်းထားဆဲဖြစ်သည်။ မည်သို့ပင် အပူရှိန်ပြင်းသည်ဖြစ်စေ ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာအပေါင်းတို့သည် မြတ်ဗုဒ္ဓဂုဏ်တော်တို့ကိုရည်မှန်း၍ အေးမြသောရေစင်ရေချမ်းဖြင့် ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်တို့ကို သွန်းလောင်းပူဇော်ကြခြင်းဖြင့် မဟာဗောဓိပင် လန်းဆန်းစိုပြည်ဝေဆာလာသလို ကုသိုလ်အထူးကို ပြုလုပ်ကြသည့်၊ သူတော်ကောင်းတရားကိန်းအောင်းကြသည့် ပြည်သူ ပြည်သား၊ ကမ္ဘာသူကမ္ဘာသားအပေါင်းတို့သည်လည်း အေးချမ်းသာယာမှုအပေါင်းတို့ကို ရယူဆောင်ကြဉ်းနိုင်လိမ့်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကဆုန်လပြည့်နေ့သည် "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်လမ်း" ဆိုသည့်အတိုင်း ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အတုမရှိ တစ်မူထူးကဲသည့် ဂုဏ်ထူးဝိသေသများ ပေါင်းစုံစုစည်းထားသည့် နေ့ထူးနေ့မြတ် အခါသမယဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင် ပြည်သူ ပြည်သားအပေါင်းတို့သာမက နိုင်ငံတကာမှ ဗုဒ္ဓဘာသာဝင်အပေါင်းတို့နှင့် မြတ်ဗုဒ္ဓကို လေးစားတန်ဖိုးထား ကြည်ညိုသဒ္ဓါပွားကြသော ကမ္ဘာ့ပြည်သူပြည်သားများက ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ခွင် အေးချမ်းသာယာဝပြောမှုအပေါင်းတို့ကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၂၁ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် **ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)** ၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မိုးကြီးမည့်သတိပေးချက်

**နေပြည်တော် မေ ၂၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ မေ ၂၃ ရက်မှ ၂၇ ရက်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၉၀၀ | ၆၀ | ၅၂၄,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၅၁၀ | ၄,၃၇၉,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၀၀ | ၈၀၀,၀၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁ | ၁,၅၅၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂ | ၅,၄၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁၇ | ၂၉,၇၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၃၃ | ၁၅၁,၈၀၀ |
| MAEX | ၂,၃၀၀ | ၂,၃၀၀ | ၅၄၉ | ၁,၂၆၂,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြောင်းလူငယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ လေကြောင်းလူငယ်များက ဂါရဝပြုလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

☆ **ရွှေဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

**လေ့လာဆည်းပူးခဲ့ကြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပညာသင်နှစ် တစ်နှစ်တာပြီးဆုံးပြီး မိမိတို့ရရှိသည့် နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များကို အလဟဿမဖြစ်စေဘဲ မိမိကိုယ်တိုင် အတွက်လည်း အကျိုးရှိ နိုင်ငံတော်အတွက်လည်း အထောက်အကူ ဖြစ်စေသည့် ရေကြောင်းနှင့် လေကြောင်းဆိုင်ရာ ပညာရပ်များကို သင်တန်းကာလအတွင်း လေ့လာဆည်းပူးခဲ့ကြပြီး ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် နိုင်ငံတော်တိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ရေကြောင်း၊ လေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းအသီးသီးကို တက်ရောက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ် မောင်မယ်များနှင့် ယခုကဲ့သို့တွေ့ဆုံပြီး ဂုဏ်ပြုအမှာစကားပြောကြားရသည့် အတွက် များစွာ ဝမ်းသာပီတိဖြစ်ရသည်ကို ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် ရှေးယခင်ကတည်းက ရေကြောင်း၊ လေကြောင်းဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အစဉ်အလာများရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်မှ စတင်ပြီး ရေကြောင်း၊ လေကြောင်း လူငယ်သင်တန်းများကို အခြေခံနှင့်တန်းမြင့်ဟူ၍ ခွဲခြားသတ်မှတ်ကာ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များကို အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတစ်ဝန်းတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေရခြင်းဖြစ်ကြောင်း။

**များစွာဂုဏ်ယူ**

ရေကြောင်း၊ လေကြောင်း လူငယ်သင်တန်းအသီးသီး စတင်ဖွင့်လှစ်သင်ကြားပေးချိန်မှ ယနေ့ကာလတိုင်အောင် တစ်နှစ်ထက်တစ်နှစ် နှစ်စဉ်သင်တန်းတက်ရောက်သူ အင်အားအရေအတွက် တိုးတက်လာသည်ကို တွေ့ရခြင်းကြောင့် မျိုးဆက်သစ်မောင်မယ်တို့၏ စိတ်ပါဝင်စားမှုအပေါ် များစွာဂုဏ်ယူမိကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် မိုင်ပေါင်း ၁၂၀၀ ကျော် ရှည်လျားသည့် ပင်လယ်ပြင် ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသကဲ့သို့ ပထဝီအနေအထားအရလည်း အချက်အချာကျသည့်နေရာတွင် တည်ရှိနေခြင်းကြောင့် မိမိတို့၏ရေပြင်၊ ဝေဟင်ပိုင်နက်များကို ပိုင်နိုင်စွာစိုးမိုးထားနိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မှသာ ကာကွယ်ရေးစွမ်းအား အပြည့်အဝရရှိခြင်းနှင့်အတူ တိုင်းပြည်၏ အချုပ်အခြာ အာဏာကိုလည်း ကာကွယ်နိုင်မည် ဖြစ်ကြောင်း၊ ထို့အပြင် ယခုသင်တန်းတွင် တွေ့ဆုံခဲ့ရသည့် တိုင်းရင်းသားညီနောင်အချင်းချင်း ချစ်ခင်ရင်းနှီးမှုများကို အခြေတည်ပြီး နောင်တစ်ချိန်တွင် ဝိုင်းဝန်းဆောင်ရွက်ကြရမည့် တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းတာဝန်များကို လက်တွဲညီညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သင်တန်းကာလ ရက်သတ္တလေးပတ်တာအတွင်း၌ သိသင့်သိထိုက်သည့် ရေကြောင်း၊ လေကြောင်းပညာရပ်များအပြင် အခြေခံစစ်ပညာဖြစ်သည့် စစ်ရေးပြဘာသာရပ်များကိုပါ လေ့ကျင့်သင်ကြားခဲ့ကြပြီး ဖြစ်ကြောင်း၊ စစ်ရေးပြဘာသာရပ်သည် အမိန့်နာခံတတ်ခြင်း၊ စည်းကမ်းကောင်းခြင်းနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်ခြင်း တို့ကို

စာမျက်နှာ ၄ သို့ ✻

❖ **မိမိတို့မြန်မာနိုင်ငံသည် မိုင်ပေါင်း ၁၂၀၀ ကျော် ရှည်လျားသည့် ပင်လယ်ပြင်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသကဲ့သို့ ပထဝီအနေအထားအရလည်း အချက်အချာကျသည့်နေရာတွင် တည်ရှိနေခြင်းကြောင့် မိမိတို့၏ရေပြင်၊ ဝေဟင်ပိုင်နက်များကို ပိုင်နိုင်စွာစိုးမိုးထားနိုင်ရန် လိုအပ်**

❖ **ထိုသို့ ဆောင်ရွက်နိုင်မှသာ ကာကွယ်ရေးစွမ်းအား အပြည့်အဝရရှိခြင်းနှင့်အတူ တိုင်းပြည်၏ အချုပ်အခြာအာဏာကိုလည်း ကာကွယ်နိုင်မည်**

❖ **ယခုသင်တန်းတွင် တွေ့ဆုံခဲ့ရသည့် တိုင်းရင်းသားညီနောင်အချင်းချင်း ချစ်ခင်ရင်းနှီးမှုများကို အခြေတည်ပြီး နောင်တစ်ချိန်တွင် ဝိုင်းဝန်းဆောင်ရွက်ကြရမည့် တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းတာဝန်များကို လက်တွဲညီညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလို**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

❃ စာမျက်နှာ ၃ မှ

ဖြစ်ပေါ်စေခြင်းကြောင့် ယခုကဲ့သို့ သင်တန်းများတွင် ထည့်သွင်း သင်ကြားပေးရခြင်း ဖြစ်ကြောင်း၊ ထို့အပြင် **"နိုင်ငံတော်ရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်း"** ကိုပါ ပို့ချပေးခဲ့ခြင်းကြောင့် သမိုင်းကြောင်းအမှန်များကိုသိရှိပြီး တိုင်းချစ်ပြည်ချစ်စိတ်များ ထက်သန်ကာ တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်ပေးလိုသည့်သူ၊ အမျိုးဂုဏ်ဇာတိဂုဏ်ကိုစောင့်ထိန်းလိုသူများဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာပြည့်ဝနှလုံးလှသည့် လူငယ်များ၏အားကသာလျှင် နိုင်ငံတော်ကို ကောင်းကျိုးအဖြာဖြာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**အလေးထားဆောင်ရွက်နေ**

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ပညာရေးကဏ္ဍ မြှင့်တင်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်နေသည့်အပြင် ထူးချွန်ထက်မြက်သည့် ကျောင်းသားကျောင်းသူများကိုလည်း အနာဂတ်နိုင်ငံတော်အရေး မျှော်မှန်းပြီး ပြည်ပနိုင်ငံများမှာ ပညာတော်သင်များအဖြစ် စေလွှတ်လျက်ရှိကြောင်း၊ **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့် အချက်ကို လူမှုရေးဦးတည်ချက်၌ ချမှတ်ထားပြီး လူငယ်များ၏ ပညာရေး၊ လူမှုရေး၊ အမျိုးသားရေး၊ စာရိတ္တမဏ္ဍိုင်မြှင့်မားရေး လုပ်ငန်းများကို မိမိတို့ နိုင်ငံတော်တာဝန်ယူထားချိန်မှစပြီး အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်မှန်သည့် တိုင်းပြည်ချစ်စိတ်များနှင့်အတူ ကိုယ်စီရှိထားသည့် ကိုယ်ကျင့်စာရိတ္တကောင်းများကို မပျောက်ပျက်စေဘဲ မြင့်သည်ထက်မြင့်အောင်ကြိုးစားသွားကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံတော်ကြီးသည် လူသားအရင်းအမြစ်ကောင်းများ၏ အားများနှင့် အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နွေရာသီအားလပ်ရက်များကို အကျိုးမဲ့မဖြစ်စေဘဲ ယခုကဲ့သို့ သင်တန်း တက်ရောက်ခဲ့ခြင်းကြောင့် ရရှိသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ အချင်းချင်း ခင်မင်ရင်းနှီးမှုများကို ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူသွားကြရန်၊ မှန်ကန်သည့်အသိအမြင်များ ရရှိရန် စာကောင်းပေမွန်များကို ဖတ်ရှုပြီး မိဘဆရာသမားများ၏ပြောဆိုဆုံးမမှုများအတိုင်း လိုက်နာနေထိုင်သွားကြရန်၊ မိမိတို့နေထိုင်ရာ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် တိုင်းပြည်ကအားကိုးအားထားပြုရမည့် သားကောင်းသမီးကောင်းရတနာများ ဖြစ်အောင် ဆက်လက်ကြိုးစားသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များ အတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး လူငယ်မောင်မယ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မနန်းစုစန္ဒီအောင်နှင့် လေကြောင်း လူငယ်သင်တန်းမှ မသဉ္ဇာနိုင်တို့က အခြေခံနှင့် တန်းမြင့် ရေကြောင်းလူငယ်



ရေကြောင်းလူငယ်သင်တန်းမှ မနန်းစုစန္ဒီအောင် ရှင်းလင်းပြောကြားစဉ်။



လေကြောင်းလူငယ်သင်တန်းမှ မသဉ္ဇာနိုင် ရှင်းလင်းပြောကြားစဉ်။

သင်တန်းအမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်း လူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၄)တို့တွင် တက်ရောက် သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာအတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ယခုကဲ့သို့ နွေရာသီကျောင်းပိတ်ရက်ကာလတွင် မိမိတို့၏ ကိုယ်ပိုင်အချိန်များကို အကျိုးမဲ့မဖြစ်စေဘဲ အနာဂတ်နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာပညာရပ်များကို တိုင်းရင်းသားညီအစ်ကို မောင်နှမများ ချစ်ကြည်ရင်းနှီးစွာ အတူတကွတွေ့ဆုံ၍ သင်တန်းတက်ရောက်သင်ကြားခွင့်ရခဲ့သည့် အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တာဝန်ရှိသူများအားလုံးကို မိမိတို့လူငယ်မောင်မယ်များ ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုသင်တန်းများသည် မိမိတို့လူငယ်မောင်မယ်များအား အချင်းချင်းစည်းလုံးညီညွတ်စွာ စုပေါင်း ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ ရရှိစေပြီး အမျိုးသားညီညွတ်ရေး အသိ၊ အမျိုးသားညီညွတ်ရေး သတိနှင့် အမျိုးသားညီညွတ်ရေး တန်ဖိုးဟူသည့် အသိပညာများကိုလည်း လက်တွေ့သိမြင်ခွင့် ရခဲ့သောကြောင့် အမိနိုင်ငံတော်ကြီး၏ အနာဂတ်အတွက် လေးနက်ပြည့်ဝသည့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စု စိတ်ဓာတ်များ ထက်သန်စီးဆင်းဖြစ်ပေါ်ခဲ့ရသည့်အတွက် နိုင်ငံတော်နှင့် မိမိတို့ လူငယ်မောင်မယ်များ အတွက် တန်ဖိုးကြီးမားပြီး အဓိပ္ပာယ်ရှိသည့် သင်တန်းများပင်ဖြစ်ပါကြောင်း၊ မိမိတို့အနာဂတ်လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်ကအားထားရသည့် ရေကြောင်းဆိုင်ရာ ပညာရှင်များ၊ လေကြောင်းဆိုင်ရာ ပညာရှင်များ၊ နိုင်ငံတော် အကျိုးစီးပွားအတွက် ထိရောက်စွာ စွမ်းဆောင်ပေးနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် အစဉ်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်းနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

**ဂုဏ်ပြုဖျော်ဖြေ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်း လူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ရေကြောင်းနှင့် လေကြောင်း လူငယ် မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှု သရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။





# ကဆုန်လပြည့် ဗုဒ္ဓနေ့ သီတဂူမေတ္တာဆုတောင်း

၁။ ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ --- ဟောန္တု သဗ္ဗေပိ ပါဏိနော၊

May all beings in suffering be free from suffering.

**ကမ္ဘာတစ်ဝန်းလုံးမှ ဆင်းရဲဒုက္ခရောက်နေကြသော သတ္တဝါအားလုံးတို့သည် ဆင်းရဲဒုက္ခမှ အားလုံးလွတ်မြောက် ကြပါစေကုန်သတည်း။**

၂။ ဘယပ္ပတ္တာ စ နိဗ္ဘယာ --- ဟောန္တု သဗ္ဗေပိ ပါဏိနော၊

May all beings in danger be free from danger.

**ကမ္ဘာတစ်ဝန်းလုံးမှ ဘေးရန်အမျိုးမျိုးကျရောက်နေကြကုန်သော သတ္တဝါအပေါင်းတို့သည် ဘေးရန်အပေါင်းတို့မှ အားလုံးလွတ်မြောက် ကြပါစေကုန်သတည်း။**

၃။ သောကပတ္တာ စ နိသောကာ --- ဟောန္တု သဗ္ဗေပိ ပါဏိနော၊

May all beings in sorrow be free from sorrow.

**ကမ္ဘာတစ်ဝန်းလုံးမှ စိုးရိမ်ပူဆွေးခြင်းသို့ ရောက်ရှိနေကြကုန်သော သတ္တဝါအားလုံးတို့သည် စိုးရိမ်ပူဆွေးခြင်းမှ အားလုံးလွတ်မြောက် ကြပါစေကုန်သတည်း။**

**မြတ်ဗုဒ္ဓ** ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၂၅၆၈ နှစ်ရှိခဲ့သော်လည်း **မြတ်ဗုဒ္ဓ** ညွှန်ထွန်းထားခဲ့သည့် "**ဓမ္မဒီပိကာ**" **ဓမ္မဆီမီးတိုင်**သည် အာရုတိုက်မှာသာမက၊ ကမ္ဘာတစ်ခုလုံး လင်းလင်းတောက်လျက် ကျွန်ုပ်တို့လျှောက်ရမည့် ငြိမ်းချမ်းရေးလမ်းကြောင်းကို ကောင်းကောင်းညွှန်ပြ၊ ထွန်းလင်းတောက်ပလျက်ရှိနေပါသေးသည်။ ကမ္ဘာသူ/ကမ္ဘာသားအားလုံး ဤ "**ဝိဇ္ဇာနှင့်စရဏ**" Wisdom and Character ဟူသော Common Highway ပေါ်မှာ လက်တွဲ၍ ငြိမ်းချမ်းစွာ အတူလျှောက်လှမ်းနိုင်ကြပါစေ ကုန်သတည်း။

**သီတဂူစန်းလပမာချမ်းမြသာယာရှိကြပါစေ**



**သီတဂူဆရာတော် အရှင်ဉာဏိဿရ**
နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယသံဃရာဇာ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏အဓိပတိ
**၂၅၆၈ နှစ်မြောက် ကဆုန်လပြည့်ဗုဒ္ဓနေ့ (၂၂.၅.၂၀၂၄)**

# ငြိမ်းချမ်းရေးအတွက်စိတ်ခွန်အား၊ ငြိမ်းချမ်းရေးအတွက်အောင်နိမိတ် ( ကဆုန်လပြည့်၊ အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့အထူး )

ဒေါက်တာမြတ်မိုး



ဤကဆုန်လပြည့် (ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်အပေါင်း အထူးဂုဏ်ယူရမည့် နေ့တစ်နေ့ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့ နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခံရသည့်နေ့လည်း ဖြစ်သည်။ ဗျာ ဖွား ပွင့် စံ ဤလေးတန် မှတ်ရန် ဗုဒ္ဓနေ့လည်း ဖြစ်နေသည်။

**ဗျာ ဖွား ပွင့် စံ ဤလေးတန်**

ထို့ကြောင့် ကျွန်တော်တို့ မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကုသိုလ်အကျိုးငှာ အလေးထား၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အာရုံပြုကုသိုလ်တရားများကို ယခုထက်ပို၍ ပွားများအားထုတ်ကြစို့ဟူ၍ တိုက်တွန်းပါသည်။ နေ့ထူးနေ့မြတ်အခါသမယ ဖြစ်နေသောကြောင့် ဖြစ်သည်။ ဤနေ့မှာပင် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမအမည်ဖြင့် ဘုရားစင်စစ်ကေန် ဖြစ်လိမ့်မည်ဟူ၍ ဒီပင်္ကရာမြတ်စွာဘုရားထံတွင် နိယတဗျာဒိတ်ခံယူတော်မူခဲ့သည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၆၀၀ (ဘီစီ-၆၂၃) မဟာသက္ကရာဇ် ၆၈ ခုနှစ် ဤနေ့မှာပင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။

(ဘီစီ-၅၈၈) မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဤကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်တက်မှာပင် ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူပြီး ဘုရားပွင့်တော်မူခဲ့သည်။ (ဘီစီ-၅၄၃) မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ဝယ် အရှင်မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ရာနေ့ကား ဤကဆုန်လပြည့်နေ့ပင်ဖြစ်သည်။ ဗျာဒိတ်တော်ခံယူခြင်း ဘုရားအလောင်းတော်ဖွားမြင်ခြင်း၊ ဘုရားပွင့်ခြင်း၊ ပရိနိဗ္ဗာန်စံခြင်းတို့ဖြင့် ထူးခြားတိုက်ဆိုင်မှုမှာ ဗုဒ္ဓဘာသာဝင်အပေါင်းတို့အတွက် လေးနက်ပြည့်စုံမှုတစ်ခုပင် ဖြစ်ပါတော့သည်။

**အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့တစ်နေ့ အဖြစ် ဖြစ်တည်ခဲ့**

ထိုသို့ထူးခြားချက်အပေါင်းကို ပို၍ပြည့်စုံစေသည်မှာ အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့အဖြစ် သတ်မှတ်ခံရခြင်းပင်ဖြစ်သည်။ ၁၉၉၉ ခုနှစ် ကုလသမဂ္ဂဆုံးဖြတ်ချက်အရဖြစ်သည်။ သက်တမ်းရှည်ကြာသော ဘာသာတရားတစ်ခုအပေါ် လေးစားဂုဏ်ပြု၍ အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်မှာ ဂုဏ်ယူစရာဖြစ်သည်။ အဓမ္မကို ဓမ္မက မေတ္တာစွမ်းအားဖြင့် အောင်နိုင်ခဲ့သည့် ဗုဒ္ဓမြတ်စွာဘုရားကို ဂုဏ်ပြုလို၍လည်း ဖြစ်သည်။

မြန်မာတို့၏ ယဉ်ကျေးမှု၊ အနုသုခုမ ပညာရပ်များသည် ဗုဒ္ဓတရားတော်များမှ ဆင်းသက်လာသည်ဟု ဆိုပါသည်။ ကာယစိတ္တ နှစ်ဖြာသောသုခကို ပေးစွမ်းသည်မှာလည်း ဤဗုဒ္ဓတရားတော်များပင်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးသည်မှာလည်း ဤတရားတော်များကသာ၊ ဘုရားဟောတတ် ထိုတရားမြတ်များကြောင့် ငါတို့ဗုဒ္ဓဘာသာကို ကမ္ဘာက ဤသို့ လေးလေးစားစား ဂုဏ်ပြုခြင်းဟု မှတ်ယူပါသည်။ ဤကဲ့သို့မှတ်ယူပြီး အသိအမှတ်ပြုခဲ့မှုကို ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်အားလုံးကလည်း တန်ဖိုးထားလေးစားပြီး ဗုဒ္ဓ၏ အဆုံးအမများနှင့်အညီ နေထိုင်ကျင့်ကြံအားထုတ်သင့်ကြပါသည်။

ဘာသာခြားများ ရောနှောရာ ကမ္ဘာ့မိသားစုများက ကျွန်တော်တို့ဗုဒ္ဓဘာသာကို တန်ဖိုးထားဆက်ဆံသည်နှင့်အညီ ကျွန်တော်တို့ကလည်း ကိုယ့်ဘာသာတရားကို တန်ဖိုးထားသင့်ကြသည်။ ဘုရားထားခဲ့သည့် တရားတော်များအတိုင်း နေထိုင်ကျင့်ကြံပါမှ ဗုဒ္ဓဘာသာဝင်ကောင်း ဖြစ်ပါမည်။ ပညာဗုဒ္ဓဘာသာဝင်များဖြစ်မည်ဟု ဆိုချင်သည်။ ထို့ကြောင့် ကမ္ဘာက အသိအမှတ်ပြုခဲ့သလို မိမိတို့ဗုဒ္ဓဘာသာဝင်များကလည်း မူလပိုင်ဆိုင်ပြီး တရားမြတ်များကို လေးလေးနက်နက် မှတ်သားနာယူကာ လိုက်နာကျင့်ကြံစေချင်ပါသည်။

**မငြိမ်းချမ်းခြင်းအကြောင်းတရားများ**

ယနေ့ကမ္ဘာကြီးကား အရှုပ်အထွေးများနှင့်သာ ပြည့်နေသည်။ မြန်မာမှာလည်း မငြိမ်းချမ်း၊ ကမ္ဘာအနှံ့ စစ်ပွဲဂယက်တွေကြောင့် လုံခြုံစိတ်ချရမှုအားနည်းပြီး အထွေထွေ အကျပ်အတည်းများနှင့်သာ ရင်ဆိုင်နေရသည်။ လက်ရှိအခြေအနေအတိုင်းသာဆိုလျှင် ပိုပြီးရှုပ်ထွေးမှုများနှင့်အတူ ပူပန်သောက၊ ဗျာပါဒများ ရင်ဝယ်ပိုက်ပြီး အပါယ်ဆင်းရဲကျဖို့ရာသာရှိသည်။ တစ်ဖက်ကလည်း လိုအပ်ချက် အားနည်းချက်တွေကို ရုပ်ပိုင်းဆိုင်ရာ ဒေါက်တိုင်များနှင့်ချည်း ကူမဖေးမရုံနှင့်မပြီး စိတ်ပိုင်းဆိုင်ရာ အားဖြည့်ထောက်မှုများဖြင့် စိတ်ဓာတ်များ ပြန်လည်မြင့်မားလာရန်ကလည်း အရေးကြီးသည်ဟု ယူဆသည်။

ခေတ်ကာလအခြေအနေများအရ လူတွေမှာ အစစအရာရာ မပြည့်စုံကြ၊ တင်းတိမ်ရောင့်ရဲနိုင်စွမ်းတွေ နည်းလာသည်။ စိတ်မရှည်၊ သည်းခံစိတ်တွေ လျော့လာသည်။ ထိုအခါ တစ်ဦးအပေါ် တစ်ဦး ယုံကြည်မှု၊ နားလည်ပေးနိုင်စွမ်းက နည်းလာ အပြစ်သာမြင်ပြီး အကောင်းမမြင်ကြတော့။ အဆုံးမှာ အမုန်းသာပွား၊ တိုက်ကြခိုက်ကြ ထိုအခြေအနေများ ဖြစ်လာရသည်။ ပိုရှိ ပိုတတ်သည့်သူများကျတော့လည်း ငါ့လောက်မရှိ ငါ့လောက်မတတ် မာနတံခွန်က ပါလာသေး။ လိုဘမပြည့်သူများကျတော့ အားငယ်စိတ်ဓာတ်ကျ၊ ကြိုးစားသမျှ အရာမထင်တော့ ဒေါသကကြီးစိုးလာ။ လောဘ၊ ဒေါသ ၊ မောဟများဖြင့်သာ အချိန်ကုန်ကြရတော့သည်။

မပြည့်စုံသည့်အပြင် တရားအသိနည်းသည့်အခါ မရှိသေးသည့်ကုသိုလ်ကို ရှိလာအောင်၊ ရှိပြီးကုသိုလ်ဆက်ပွားအောင်၊ မလုပ်သင့်သည့် အကုသိုလ် မလုပ်မိအောင်၊ လုပ်ပြီး အကုသိုလ် ပယ်ပျက်သွားအောင်လည်း အချိန်မပေးနိုင်ကြတော့ အားလည်းမစိုက်နိုင်ဖြစ်ကြကုန်သည်။ ကိုယ့်အတွက် မပြည့်စုံတော့ သူ့အကျိုးလည်း မလိုလားနိုင် မေတ္တာလည်း ပျက်လာကြသည်။ ကိုယ့်ထက်ငယ်သူ၊ ကိုယ့်လောက်မရှိသူပင်ဖြစ်လင့်ကစား သနားညှာတာစိတ်ပါ နည်းလာသည့်အခါ ကရုဏာတရားလည်း ခေါင်းပါးလာတော့သည်။ မနာလိုမှုက များသည့်အခါ သူများကြီးပွားလည်း မပျော်နိုင်၊ ကံ၊ ကံ၏အကျိုးကို မသိသည့်အခါ ချစ်ခြင်းမုန်းခြင်းဖြင့်သာ ပြီးနေကြတော့သည်။ ဤအခြင်းအရာများကား လက်ရှိဖြစ်ပျက်နေသော မငြိမ်းချမ်းခြင်း အခြေအနေများပင် ဖြစ်ပါသည်။

မြတ်စွာဘုရားထားခဲ့သော ဗုဒ္ဓတရားတော်များ၊ ထိုတရားတော်များကို ခေတ်အဆက်ဆက် မကျိုးမပေါက် တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်နေသော သံဃာတော်များကြောင့် ဤကဆုန်လပြည့်နေ့သည် အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့အဖြစ် ဖြစ်တည်လာခြင်း ဖြစ်သည်။ ဘာသာတရားဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်၍ရသည်ဟုဆိုရာတွင် ဗုဒ္ဓဘာသာကိုလည်း ငြိမ်းချမ်းရေး၏ ပြယုဂ်အဖြစ် ကမ္ဘာက ထည့်သွင်းခြင်း ဖြစ်သည်ဟု မှတ်ယူပါသည်။

ဗုဒ္ဓတရားတော်များသည် အကုသိုလ်တရားဆိုးများကို အမှိုက်သရိုက်များအဖြစ် ထင်ဟပ်စေပြီး မိမိတို့၏ အဇ္ဈတ္တအတွင်းအမှိုက်တွေကို ဦးစွာရှင်းပစ်ဖို့ အဓိကဟောပြထားသည်။ မိမိမှာ ကိန်းနေသော အမှိုက်သရိုက်ကို မရှင်းနိုင်ဘဲနှင့် အပြင်ကအမှိုက်ကို ရှင်းဖို့ဆိုသည်မှာ မဖြစ်နိုင်ပါ။ ထို့ပြင် အကုသိုလ်ကို ဖယ်ရှားရုံဖြင့်လည်းမပြီး ကုသိုလ်တရားများကိုလည်း သိမ်းဆည်းသိုမှီးဖို့ လမ်းညွှန်ထားပြန်သည်။ (ဤတွင် ဘယ်အရာက ကုသိုလ်၊ ဘယ်အရာက အကုသိုလ်၊ ကုသိုလ်စိတ် အကုသိုလ်စိတ်ကို ခွဲခွဲခြားခြားသိရန်ကို တိတိပပ ဟောကြားဖော်ပြထားသည်မှာ ဘာသာတရားတစ်ခု၏ အသက်ပင်ဖြစ်သည်ဟု မှတ်ယူလိုပါသည်။)

**မိမိစိတ်ကိုကြည်လင်နေအောင် ဦးစွာထားပါ**

ဤသို့ဖြင့် မိမိတို့၏ အတွင်းစိတ်ညစ်နွမ်းသော စိတ်အမှိုက်များကို ဖယ်ရှားရှင်းလင်း ကြည့်ကြရအောင်ပါ။ ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ ကံအမှုသုံးမျိုးကို ကျွန်တော်တို့ အားလုံး အိပ်ချိန်မှလွဲ၍ ပြုနေမိသည်သာ ဖြစ်သည်။ ထိုအမှုသုံးမျိုးတွင် ကာယကံ၊ ဝစီကံကို ငါးပါးသီလ၊ ရှစ်ပါးသီလဖြင့် ရှောင်ရှားနိုင်သည်။ မနောကံကိုတော့ အာရုံတစ်ခုတည်းအပေါ်မှာ စူးစူးစိုက်စိုက် ရှုအားသန်သန်ထားသော သမာဓိဖြင့် အားထုတ်ရှုမှတ်ခိုက်၌ ထိန်းထားနိုင်သည်။ သမာဓိဖြင့် မိမိစိတ်တွေကို အာရုံမများ ဗျာမများရအောင် တစ်နည်း အကုသိုလ်မဖြစ်အောင် ခေတ္တခဏထိန်းထားခြင်းဖြင့် စိတ်တွေကို ကြည်လင်လန်းဆန်း သန့်ရှင်းအောင် လုပ်နိုင်ပါသည်။ ထိုမိမိစိတ်စေတသိက်နာမ်တရား ရုပ်တရားတွေကိုပင် ဘာမှမမြဲ ဘယ်အရာမှအစိုးမရ ဖြစ်ပြီးပျက်သမျှ ဒုက္ခချည်းဟု လက္ခဏာရေးသုံးပါး အမှန်ထင်နိုင်လျှင်တော့ ပညာဉာဏ်ဖြစ်သွားပါပြီ။ ပညာအရာမှာ သာလွန်သွားသောအချက်က ဤမှာတင် ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ *

**“ မေတ္တာ၊ ကရုဏာထက် ထားရခက်သည့် တရားတစ်ခုကား မုဒိတာဖြစ်သည်။ သူများက ကိုယ့်ထက်သာသွားလျှင်၊ သူများကြီးပွားလျှင် မနာလိုမုန်းထား ငြူစူကာဖြင့် ဝမ်းမြောက်ဝမ်းသာမဖြစ်နိုင်ခြင်းသည်လည်း အကုသိုလ်တစ်မျိုးပင်ဖြစ်သည်။ ကံ၊ ကံ၏အကျိုးတရားကိုယုံကြည်ခြင်း ဖြစ်ပျက်တရားသဘောကို ပညာဉာဏ်ဖြင့် ဆင်ခြင်နိုင်ခြင်းက နောက်ဆုံးအရေးကြီးသော ဥပေက္ခာတရားကို ဖြစ်ထွန်းစေပါသည်။ ထိုအခါ ကိုယ့်အကျိုးမလိုလား၍လည်း မုန်းတာမဖြစ်၊ ကိုယ့်အကျိုးလိုလားလို့လည်း ပိုပြီးမချစ်တတ်၊ မချစ်မမုန်းအလယ်လမ်းမှာ လျှောက်တတ်သွားပြီး ဥပေက္ခာတရားကို ပိုင်ဆိုင်သွားနိုင်ပါသည်။ အလေ့အကျင့်လုပ်ကြည့်ခြင်းဖြင့် အဂတိတရားကင်းလာပြီး နောက်ဆုံးမှာ ငြိမ်းချမ်းခြင်းသို့ မလွဲကေန်ရောက်ရှိ ”**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ပစောက်နှင့်ပေါင်၊ ဘကုန်းဘောင်၊ မှန်အောင် မည်သို့ခွဲမည်နည်း

၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် ဧရာဝတီမြစ်တွင်းသို့ကျနေသော ဧရာဝတီတံတား (ရတနာသိဃ်) သံဘောင်များကို ဆယ်ယူဖယ်ရှားပြီး သံဘောင်အသစ်များ တပ်ဆင်သည့်သတင်းကို သတင်းစာများ၊ ဂျာနယ်များတွင် သတင်းရေးသားဖော်ပြခဲ့ကြသည်။

အချို့က သံဘောင်ဟု ဘကုန်းဘောင်ဖြင့် ရေးသားဖော်ပြပြီး အချို့က သံပေါင်ဟု ပစောက်ပေါင်ဖြင့် ရေးသားဖော်ပြကြပါသည်။ ဘကုန်းသံဘောင်နှင့် ပစောက်သံပေါင်ဟူသော အရေးကွဲနှစ်ခုတွင် ဘကုန်းဖြင့်ရေးသော သံဘောင်ဟူသောအရေးသည် ဆီလျော်မှန်ကန်သော အရေးဟုဆိုရန်ရှိပါသည်။ ရှင်းပြပါမည်။

**ပေါင် နှင့် ဘောင်**

စင်စစ်အားဖြင့် ပစောက်ပေါင်နှင့် ဘကုန်းဘောင်အရေးနှစ်မျိုးတွင် ပစောက်ပေါင်၌သာ အနက်ရှိပါသည်။ ဘကုန်းဘောင်၌ အနက်မရှိပါ။ မြန်မာဝေါဟာရ၊ မြန်မာစာတွင် ပစောက်၌သာ အနက်ရှိပြီး ဘကုန်း၌ အနက်မရှိပါ။ ပစောက်နှင့် ဘကုန်းအရေးများ၌သာမဟုတ် မြန်မာဝေါဟာရ၊ မြန်မာစာတွင် ပစောက်ကဲ့သို့သော ပထမက္ခရာများ (က၊ စ၊ တ၊ ပ) နှင့် ဒုတိယက္ခရာများ (ခ၊ ဆ၊ ထ၊ ဖ) တို့၌သာ အနက်ရှိပါသည်။ တတိယက္ခရာများ (ဂ၊ ဇ၊ ဒ၊ ဗ) နှင့် စတုတ္ထက္ခရာများ (ဃ၊ ဈ၊ ဓ၊ ဘ) တို့၌ အနက်မရှိကြပါ။

အောက်ပါဇယားဖြင့် မှတ်ထားနိုင်ပါသည်။

| သံနု့၊ အနက်ရှိ | | သံထင်၊ အနက်မရှိ | |
|---|---|---|---|
| သံလျော့ | သံတင်း | သံလျော့ | သံတင်း |
| က | ခ | ဂ | ဃ |
| စ | ဆ | ဇ | ဈ |
| တ | ထ | ဒ | ဓ |
| ပ | ဖ | ဗ | ဘ |

ဇယားတွင် က၊ စ၊ တ၊ ပ ဟူသော ပထမက္ခရာ ၄ လုံးသည် သံနု့ သံလျော့ဗျည်းများဖြစ်ကြသည်။ အနက်ရှိသော ဗျည်းများဖြစ်ကြသည်။ ခ၊ ဆ၊ ထ၊ ဖ ဟူသော ဒုတိယက္ခရာ ၄ လုံးသည် သံနု့ သံတင်းဗျည်းများဖြစ်ကြသည်။ အနက်ရှိသော ဗျည်းများပင် ဖြစ်ကြသည်။ သံထင် သံလျော့ဗျည်းများဖြစ်ကြသော ဂ၊ ဇ၊ ဒ၊ ဗ ဟူသော တတိယက္ခရာ ၄ လုံးနှင့် သံထင် သံတင်းဗျည်းများဖြစ်ကြသော ဃ၊ ဈ၊ ဓ၊ ဘ ဟူသော စတုတ္ထက္ခရာ ၄ လုံးတို့သည် အနက်မရှိသော ဗျည်းများဖြစ်ကြသည်။

တစ်ဖန်ချုပ်၍ဆိုရသော် သံနု့ဗျည်း ၈ လုံး (က၊ ခ၊ စ၊ ဆ၊ တ၊ ထ၊ ပ၊ ဖ) တို့တွင်သာ အနက်ရှိ၍ သံထင်ဗျည်း ၈ လုံး (ဂ၊ ဃ၊ ဇ၊ ဈ၊ ဒ၊ ဓ၊ ဗ၊ ဘ) တို့တွင် အနက်မရှိပါ။ ဤသို့ဖြင့် သံနု့ဗျည်း ၈ လုံးဖြင့်ရေးလျှင် အနက်စွဲအရေး၊ သံထင်ဗျည်း ၈ လုံးဖြင့်ရေးလျှင် အသံစွဲအရေးဟု မှတ်ယူရပါမည်။ ဆိုလိုသည်မှာ သံနု့ဗျည်း ၈ လုံးဖြင့်ရေးသော အရေးများတွင်သာ အနက်ကို ကြံဆဖော်ထုတ်နိုင်ကြမည်ဖြစ်ပြီး သံထင်ဗျည်း ၈ လုံးဖြင့်ရေးသော အရေးများတွင်ကား အနက်ကို ကြံဆဖော်ထုတ်နိုင်ကြမည်မဟုတ်ပါ။ သို့ရာတွင် သံထင်ဗျည်းများဖြင့်ရေးသော အရေးများကိုမူ တွေ့နေကြရမည်ဖြစ်ရာ အနက်ကို မည်သို့ကြံဆဖော်ထုတ်ကြပါမည်နည်း။ အဖြေမှာ သံထင်ဗျည်းများဖြင့် ရေးသောအရေးများကို တွေ့ရပါက ယင်းသံထင်ဗျည်းများနှင့်ဆိုင်သော သံနု့ဗျည်းများနှင့် ဖလှယ်ကာ အနက်ကြံဆဖော်ထုတ်ရမည်ဟူ၍ ဖြစ်ပါသည်။

ဆိုလိုသည်မှာ ဂငယ်နှင့် အရေးတွေ့ပါက ဂငယ်ကို ကကြီးနှင့် ဖလှယ်၍ အနက်ကြံဆပါ။ ဃကြီးနှင့် အရေးတွေ့ပါက (မြန်မာရေးထုံးတွင် ဃကြီးနှင့်ရေးသော အရေးမရှိပါ။) ခခွေးနှင့် ဖလှယ်၍ အနက်ကြံဆပါ။ ထိုနည်းတူ ဇကွဲကိုစလုံးနှင့်၊ ဈမျဉ်းဆွဲကို ဆလိမ်နှင့်၊ ဒထွေးကို တဝမ်းပူနှင့်၊ ဓအောက်ခြိုက်ကို ထဆင်ထူးနှင့်၊ ဗထက်ခြိုက်ကို ပစောက်နှင့်၊ ဘကုန်းကို ဖဦးထုပ်နှင့် ဖလှယ်၍အနက်ကြံဆရပါမည်။

သာဓကအနည်းငယ်ဖြင့် ရှင်းလင်းပါမည်။

'ဂေါ်'ကို မြေကြီးစသည်ကို တူးဆွကော်မယူရသော ကိရိယာတစ်မျိုးဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤအဖွင့်၊ ဤအဓိပ္ပာယ်မှာ အဘိဓာန်အဖွင့်၊ အဘိဓာန် အဓိပ္ပာယ်ဖြစ်ပါသည်။ 'ဂေါ်' ၏မူရင်းအနက်မဟုတ်ပါ။ "ဂေါ်"၏ မူရင်းအနက်ကို သိလိုပါက "ဂေါ်"ကို "ကော်"နှင့်ဖလှယ်၍ အနက်ဖော်ထုတ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် "ဂေါ်"သည် "ကော်"၏ အသံပြောင်း အရေး၊ အသံစွဲ အရေးဖြစ်သောကြောင့်ပါတည်း။ ချုပ်၍ပြောရလျှင် "ဂေါ်"ဆိုသည်မှာ "ကော်" ရန်အတွက် သုံးရသော ကိရိယာဖြစ်ပါသည်။

ထိုနည်းအတူပင် 'ဂျင်'ကို "ကြိုးနှင့်ရစ်၍ ပေါက်ကစားရသော သံဆူး အခြေပါသည့် သစ်သားလုံးငယ်"ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ ဤသည်မှာ "ဂျင်"၏ အဘိဓာန်အဖွင့်၊ "ဂျင်"၏အဘိဓာန် အဓိပ္ပာယ်ဖြစ်ပါသည်။ "ဂျင်"၏ မူရင်းအနက် မဟုတ်ပါ။ "ဂျင်"၏ မူရင်းအနက်မှာ "ကျင်"၌သာ ရှိပါသည်။ "ဂျင်"သည် "ကျင်"၏ အသံပြောင်းအရေး၊ အသံစွဲအရေးမျှသာ ဖြစ်ပါသည်။ "ဂျင်"ကို "ကျင်"နှင့် ဖလှယ်၍ အနက်ဖော်ထုတ်ရပေလိမ့်မည်။ "ကျင်"၏အနက်မှာ "လည်" ဖြစ်သည်။ ကျင်လည်သည်၊ ကျွမ်းကျင်သည်၊ ပတ်ဝန်းကျင် စသည်တို့မှာ "ကျင်"၏အနက်ပင် ဖြစ်သည်။ ထို့ကြောင့် 'ဂျင်'ကို "လည်သောအရာ"ဟု အနက်ဖော်နိုင်ပါသည်။

ထိုနည်းတူစွာပင်–

ဇောက်၏အနက်ကို "စောက်"၊ "ဇွဲ"၏အနက်ကို "စွဲ"၊ "ဈေး" ၏အနက်ကို "ဆေး"၊ "ဒိုင်"အနက်ကို "တိုင်"၊ "ဒန်း"၏အနက်ကို "တန်း"၊ "ဓား"၏အနက်ကို "ထား"၊ "ဗောင်း"၏အနက်ကို "ပေါင်း"၊ "ဗြက်"၏အနက်ကို "ပြက်"၊ "ဗွေ"၏ အနက်ကို "ပွေ"၊ "ဘိ"၏အနက်ကို "ဖိ"၊ "ဘူး"၏အနက်ကို "ဖူး"၊ "ဘိုး"၏အနက်ကို "ဖိုး" စသည်တို့တွင် ဖော်ထုတ်နိုင်ပါသည်။

အသံပြောင်းစနစ်အရသော် "က"သည် "ဂ"သို့၊ "ခ"သည် "ဃ" သို့၊ "စ"သည် "ဇ"သို့၊ "ဆ"သည် " ဈ"သို့၊ "တ"သည် "ဒ"သို့၊ "ထ" သည် "ဓ"သို့၊ "ပ"သည် "ဗ"သို့၊ "ဖ"သည် "ဘ"သို့ အသံပြောင်း၊ အရေးပြောင်းရန်ဖြစ်ပေသည်။ ပထမက္ခရာ သံနု့သံလျော့များ (က၊ စ၊ တ၊ ပ) သည် တတိယက္ခရာ သံထင်သံလျော့များ (ဂ၊ ဇ၊ ဒ၊ ဗ) သို့လည်းကောင်း၊ ဒုတိယက္ခရာ သံနု့သံတင်းများ (ခ၊ ဆ၊ ထ၊ ဖ) သည် စတုတ္ထက္ခရာ သံထင်သံတင်းများ (ဃ၊ ဈ၊ ဓ၊ ဘ)သို့လည်းကောင်း အရေးပြောင်းရန် ဖြစ်သည်ဟု ဆိုလိုပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

✻ စာမျက်နှာ ၆ မှ

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအတွက်တော့ ကြိုးစားပြီး မိမိစိတ် မိမိငြိမ်းချမ်းအောင်လုပ်ဖို့ပဲ လိုတော့သည်။ ကမ္ဘာကြီးက ဤအချက်များကို သိရှိနားလည်၍ အသိအမှတ်ပြုထားခြင်းဖြစ်ပေရာ ဘုရားသာသနာနှင့် ကြုံခိုက်ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေဘက်က ပို၍ ကြိုးစားကြရုံသာ ရှိပါသည်။

**မေတ္တာတရားဖြင့်ချမ်းသာခြင်း**

မိမိကိုယ်တိုင်ငြိမ်းအေးအမှန်ဖြစ်မှ ဤအငြိမ်းဓာတ်ဖြင့် မိမိ မိသားစု၊ မိမိ ဆွေမျိုးဝန်းကျင် အဖွဲ့အစည်း တိုင်းနိုင်ငံမှသည် ကမ္ဘာကြီးအထိ ငြိမ်းအေးမှုကို ဖြန့်ကြက်နိုင်ပါမည်။ မိမိအတွင်းသန္တာန်မှာ ငြိမ်းချမ်းစိတ်လေး ခိုင်ခိုင်စိုက်နိုင်လျှင် မိမိမိတ်ဆွေအပေါင်းအသင်း ရန်သူပင်ဖြစ်လင့်ကစား တစ်လောကလုံးကို ဖြန့်ကြက်မေတ္တာပွားလို့ရပါပြီ။ **"ဘေးရန်ကင်းပါစေ" "စိတ်ဆင်းရဲခြင်းကင်းပါစေ" "ကိုယ်ဆင်းရဲခြင်းကင်းပါစေ" "ကျန်းမာချမ်းသာစွာဖြင့် မိမိခန္ဓာ မိမိရွက်ဆောင်နိုင်ပါစေ"**ဟူ၍ မိမိ၏သမာဓိစွမ်းအားဖြင့် မေတ္တာဖြန့်ကြက်ပွားများရခြင်းလောက်သော အရသာထူးကားမရှိတော့ပါ။ မျှဝေသောသဘောသည် သူတစ်ပါးအကျိုးကို လိုလားခြင်းမည်ပါသည်။ မေတ္တာပေးလျှင် မေတ္တာပြန်ရသည်။ သူများကို အမုန်းပေးလျှင် ကိုယ်လည်း အမုန်းပဲ ပြန်ရတတ်သည် မဟုတ်ပါလား။

ကိုယ့်ကြောင့် သူများချမ်းသာလျှင် ကိုယ်လည်းချမ်းသာဖြစ်မှာ မလွဲပါ၊ မေတ္တာကြောင့် သူ့ဘက်က မိတ်ဆွေဖြစ်လာလျှင် ကိုယ့်ကို ရန်ပြုမည့်သူ ကိုယ့်ကိုဖျက်ဆီးမည့်ဘေး ဝေးသွားပါလိမ့်မည်။ မိမိအတွက်ထက်ပင် သူတစ်ပါး အကျိုးကို လိုလိုလားလား ဆောင်ရွက်ပေးခြင်းသည် မေတ္တာ၏အဓိပ္ပာယ်ဖြစ်ပြီး မေတ္တာသည် အားကြီးသော ကုသိုလ်တရားဟု သိရလျှင်ကို ငြိမ်းချမ်းရေးအတွက် အားဖြည့်မှုတစ်ခု ဖြစ်ပါပြီ။

**ကရုဏာတရားဖြင့်ဆင်းရဲကင်းခြင်း**

ငြိမ်းချမ်းမှုကို ဆောင်ယူရာတွင် မေတ္တာအပြင် ကရုဏာတရားလည်း အရေးကြီးပါသည်။ သူများတကာ ဆင်းရဲဒုက္ခကြီးစွာရောက်ရ၊ ပညာ ကျန်းမာ လူမှုဘဝ အစစအရာရာ မပြည့်စုံ၊ သူတကာ၏ သောကတွေ၊ အပူတွေသည် ကိုယ်သာ ဖြစ်ခဲ့လျှင်ကောဆိုသည့် အတွေးမျိုးကား ကရုဏာတရားဆိုသည့် ကုသိုလ်စိတ်ထားထားတတ်သူများတွင်သာ ရှိနိုင်ပါသည်။ လောလောဆယ် ကိုယ်က သူ့လောက် မခံစားရ၊ သူက ကိုယ့်ထက်ခံစားနေရခြင်းသည် အတိတ်ဘဝ အဆက်ဆက်က ထူထောင်ခဲ့သော ကံ၊ ကံ၏ အကျိုးဆက်များလည်းပါသည်ဟု ယုံကြည်ထားလျှင် ထိုသူများအပေါ် သနားကြင်နာစိတ်မထားဘဲ နေနိုင်တော့မည်မဟုတ်ပါ။

ထိုအခါ မိမိတို့ဘက်က ရုပ်ပိုင်း စိတ်ပိုင်းကူညီမှုများဖြင့် အထောက်အကူပြုဖြစ်သွားမှာ သေချာပါတော့သည်။ ဒုက္ခရောက်သူကိုကယ်တင်လျှင် ကိုယ်လည်း ဆင်းရဲဝေးပါသည်။။ ဘေးဘယာလည်း ကင်းပါသည်။ ဤသည်လည်း မြတ်စွာဘုရား၏ အဆုံးအမ တစ်ခုဖြစ်ပြီး ဤကုသိုလ်တရားက ကိုယ့်ထက်နိမ့်ပါးသူတို့အတွက် မိမိဘက်က ထားရှိရမည့် လမ်းညွှန်ပြသည့် ဒုက္ခဆင်းရဲကင်းရာ ငြိမ်းချမ်းရေးလက်ဆောင်တစ်ခုပင်ဖြစ်ပါတော့သည်။

**မုဒိတာ ဥပေက္ခာဖြင့်**
**ငြိမ်းချမ်းခြင်းသဘော**

မေတ္တာ၊ ကရုဏာထက် ထားရခက်သည့် တရားတစ်ခုကား မုဒိတာဖြစ်သည်။ သူများက ကိုယ့်ထက်သာသွားလျှင်၊ သူများကြီးပွားလျှင် မနာလိုမုန်းထားငြူစူကာဖြင့် ဝမ်းမြောက်ဝမ်းသာ မဖြစ်နိုင်ခြင်းသည်လည်း အကုသိုလ်တစ်မျိုးပင်ဖြစ်သည်။ ကိုယ့်ဘက်က မုဒိတာ မဖြစ်လျှင် သူကတော့ ဘာမှမဖြစ်၊ ကိုယ်ကသာ မပျော်မရွှင်၊ ဝမ်းနည်းမဆုံးဖြင့် စိတ်ဝယ်မငြိမ်းချမ်း အကုသိုလ်ဖြစ်နေရသည်။ ဒါလည်း ကံ၊ ကံ၏ အကြောင်းအကျိုးကို ဆက်စပ်နိုင်ပြီး သူ့စည်းစိမ် သူ့ရာထူး မရွေ့လျောပါစေနှင့်ဟု ထပ်ကာထပ်ကာ ပွားများပေးမှသာ ကုသိုလ်ဖြစ်ပြီး ငြိမ်းချမ်းသွားပါသည်။ ကံ၊ ကံ၏အကျိုးတရားကိုယုံကြည်ခြင်းဖြစ်ပျက်တရားသဘောကို ပညာဉာဏ်ဖြင့် ဆင်ခြင်နိုင်ခြင်းက နောက်ဆုံးအရေးကြီးသော ဥပေက္ခာတရားကို ဖြစ်ထွန်းစေပါသည်။ ထိုအခါ ကိုယ့်အကျိုးမလိုလား၍လည်း မုန်းတာမဖြစ်၊ ကိုယ့်အကျိုးလိုလားလို့လည်း ပိုပြီးမချစ်တတ်၊ မချစ်မမုန်းအလယ်လမ်းမှာ လျှောက်တတ်သွားပြီး ဥပေက္ခာတရားကို ပိုင်ဆိုင်သွားနိုင်ပါသည်။ အလေ့အကျင့် လုပ်ကြည့်ခြင်းဖြင့် အဂတိတရားကင်းလာပြီး နောက်ဆုံးမှာ ငြိမ်းချမ်းခြင်းသို့ မလွဲဧကန် ရောက်ရှိလာပါမည်။

ဖော်ပြသည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားလေးပါးကား မိမိစိတ်ဝယ် ဖြူစင်ကြည်လင်အောင် လုပ်ပြီးသကာလ ပွားများကျင့်ကြံအားထုတ်အပ်သော မြင့်မြတ်သော ကုသိုလ်တရားများပင် ဖြစ်ပါသည်။ တစ်နည်းလက်တွေ့ကျပြီး အကြောင်းအကျိုး ဆက်စပ်သောတရားများလည်း ဖြစ်သည်။ မိမိအတွက်ကော လူ့အဖွဲ့အစည်း အားလုံးနှင့် ကမ္ဘာကြီးအတွက်ပါ ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိသော အကြမ်းဖက်မှုမပါသော ဗြဟ္မဝိဟာရတရား မြင့်မြတ်သော တရားများအဖြစ် ကမ္ဘာကြီးက မှတ်ယူထားသော တရားများလည်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် ဤကဆုန်လပြည့် (ဗုဒ္ဓနေ့) ရောက်တိုင်း သဗ္ဗညုတဉာဏ်တော်ရရှိရာ ဘုရားရှင်ပွင့်တော်မူရာ ပရိဘောဂစေတီကို ရည်မှန်း၍ ဗောဓိညောင်ပင်ရင်းတွင် ရေသွန်းလောင်းကြရာမှာ မြန်မာနိုင်ငံသားများအတွက် ကမ္ဘာသူကမ္ဘာသားများအတွက် ငြိမ်းချမ်းရေးအတွက် အောင်နိမိတ်ယူပြီး ရည်မှန်းသွန်းလောင်းကြစေချင်ပါသည်။ သို့မှသာ ဤကုသိုလ်ထူးဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံး ပူပြင်းသောနွေအပူနှင့် အကျပ်အတည်းများအောက်မှာ နွမ်းလျှမှုတို့ ပပျောက်ပြီး ပျော်ရွှင်လန်းဆန်းမှုများ ရရှိနိုင်မည်ဟု ယုံကြည်ပါသည်။ အကုသိုလ်ကို ရှောင်နိုင်ပြီး ကုသိုလ်ကို ဆောင်နိုင်ကြကာ ဗုဒ္ဓ၏ ဓမ္မတရားများဖြင့် ငြိမ်းချမ်းရေးကို အောင်နိုင်ကြမည်ဟု ခံယူပါသည်။ တစ်ဦးတစ်ယောက်ချင်း စိတ်ဓာတ်တွေကောင်းနေပြီး ငြိမ်းချမ်းနေမှသာ အပြင်လောကကြီးလည်း ငြိမ်းချမ်းနေမှာဖြစ်သည်ဟု...

**ဆုမွန်တောင်းလျက်ပါ။** ။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၁

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများတိုးမြှင့်ဆောင်ရွက်သွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၈)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၁

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၈)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။ ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ် လေ့ကျင့်ရေးကာလအတွင်း သင်တန်းများတွင် ထူးချွန်ဆုရရှိသည့် အရာရှိ၊ စစ်သည်များ၊ အိမ်ထောင်သည်လိုင်းသန့်ရှင်းရေး ဆုရရှိသည့် အိမ်ထောင်သည်ရဲမေများ၊ စွမ်းရည်သုံးရပ် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသည့် တပ်ရင်းများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပုံတူဆင်းတုတော်များနှင့် ပုံတူကားချပ်များ ကံစမ်းမဲဖောက်ပေးခြင်းနှင့် ဗလာမပါကံစမ်းမဲဖောက်ပေးခြင်းများ ပြုလုပ်ပေးသည်။ ဆက်လက်၍ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်ပေး၍ ဆုများချီးမြှင့်ပေးပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးသည်။

ထို့နောက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် ဧည့်ခံကျွေးမွေးပြီး တိုင်းစစ်ဌာနချုပ် ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်လတ်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

ကျိုက်လတ် မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက အမှတ်(၄)ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်း ပင်စင်စားများ၏ ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖျာပုံခရိုင် ဦးစီးဌာနမှူး ဦးသန့်ဇင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှု အားပေးကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းပင်စင်စားတို့၏ Biographic Data နှင့် Biometric Data များကောက်ယူ၍ Database တွင် ထည့်သွင်းသိမ်းဆည်းခဲ့ပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်ပါ ကတ်ပြားများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**



# ဇီးကုန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး



ဇီးကုန်း မေ ၂၁

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့နံနက်မှ စတင်၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က ကျေးရွာအုပ်စုများအား ချေးငွေအချိန်မီ ထုတ်ချေးနိုင်ရန်အတွက် ကြွေးကျန်များကို အချိန်မီပေးဆပ်ကြရန်နှင့် ချေးငွေများကို လယ်ယာလုပ်ငန်းတွင် အကျိုးရှိစွာအသုံးပြုရန် အလေးထားမှာကြားသည်။

ဆက်လက်၍ ပြည်ခရိုင် မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ခံ ဦးကျော်သူရက ရာသီဥတုဒဏ်ခံနိုင်းသီးနှံအာမခံထားရှိရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော တောင်သူများ၏ မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ဖြေကြားပေးသည်။

**ထုတ်ချေးပေး**

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့် တာဝန်ရှိသူများက လယ်မကျေးရွာအုပ်စုမှ စိုက်ဧက ၅၉၅ ဧက၊ တောင်သူ ၉၁ ဦးအတွက် ငွေကျပ် ၈၉၂၅၀၀၀၀ ကိုတောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးသည်။

ဇီးကုန်းမြို့နယ်၌ စိုက်ဧက ၅၅၅၀၀ အတွက် ငွေကျပ်သိန်း ၈၃၂၅၀ အား ထုတ်ချေးပေးရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား ချေးငွေစတင်ထုတ်ပေး

အုတ်တွင်း မေ ၂၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အုတ်တွင်းမြို့နယ်ဘဏ်ခွဲ၌ ၂၀၂၄ ခုနှစ် မိုးချေးငွေအတွက် မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါရုံး၌ စတင်ထုတ်ပေးလျက်ရှိသည်။



**လျာထားဆောင်ရွက်**

အဆိုပါ ၂၀၂၄ ခုနှစ် မိုးချေးငွေအား ကျေးရွာအုပ်စု ၄၇ စုရှိ တောင်သူ ၉၇၀၀၊ ဧက ၆၀၀၀၀ အတွက် ထုတ်ချေးပေးရန်ငွေကျပ်သိန်း ၉၀၀၀၀ လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အုတ်ဖိုကျေးရွာမှ တောင်သူ ၅၄ ဦး၊ ၃၅၇ ဧကအတွက် ချေးငွေကျပ်သိန်း ၅၃၅ ဒသမ ၅၀ ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၁

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

မိုး/ဇလ

## ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် ဓမ္မာဒယစာသင်တိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် မေ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် ဓမ္မာဒယစာသင်တိုက်ရှိ သံဃာတော်များနှင့် အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၂၁၀ နှင့် ဒေသခံပြည်သူ ၁၂ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဓမ္မာဒယ စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်တွင် ဘူမိဥယျာဉ်အခြေပြု ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် စီစဉ်နေ

ရန်ကုန် မေ ၂၁

မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ် ဖြစ်လာသည့် ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်တွင် ဘူမိဥယျာဉ်အခြေပြု ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် စီစဉ်နေကြောင်း မဟာဂီရိ Community Base Geotourism Services မှ ကိုတင်ကိုမင်းက ပြောသည်။

ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက်က ပြုလုပ်ခဲ့ပြီး ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို ဘူမိနယ်မြေ ၁၅ ခုနှင့် ဖွဲ့စည်းထားကာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သဘာဝသယံဇာတအမွေအနှစ်များကို ရေရှည်တည်တံ့စေရန် ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်နှင့် ထူးခြားသော ဘူမိသွင်ပြင်များကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။ "ကျွန်တော်တို့ရုံးဖွင့်ထားတာကလည်း ပုပ္ပားတောင်မကြီးအခြေ တောဇချောင်းရွာမှာပဲ ဖွင့်ထားတာပါ။ Base Camp လည်း အဲဒီမှာပဲ ဖွင့်ထားတာပါ။ ထိန်းသိမ်းရေးအနေနဲ့ သွားချင်တာပါ" ဟု ကိုတင်ကိုမင်းက ပြောသည်။

ဘူမိအခြေပြု ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မီးတောင်နှင့် ပတ်သက်သော လေ့လာရေးပါမည်ဖြစ်ကာ ဇီဝမျိုးစုံ၊ မျိုးကွဲ လေ့လာရေးနှင့် ဧည့်သည်များအား ပြန်လည်မျှဝေခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဘူမိဥယျာဉ်အနေနဲ့ လာတာတော့ မဟုတ်သေးဘူး။ တောင်တက်မယ်၊ ညအိပ်မယ်ဆိုတာလောက်ပဲ လာသေးတာပါ။ ကျွန်တော်တို့ကလည်း Package ထုတ်ပြီး မဆွဲရသေးပါဘူး။ ဘူမိဥယျာဉ်နဲ့ ပတ်သက်ပြီး သတ်မှတ်ထားတဲ့ နေရာတွေကိုလည်း ကွင်းဆင်းပြီး လေ့လာဖို့ ကျန်နေပါသေးတယ်။ အဲဒါတွေ မလုပ်ရသေးပါဘူး" ဟု ကိုတင်ကိုမင်းက ပြောသည်။

Community အခြေပြု ဆောင်ရွက်သွားမည်ဖြစ်ပြီး ရပ်ရွာအတွင်းရှိ လူအများကို စည်းရုံးကာ ဘူမိဥယျာဉ်အခြေပြုခရီးသွားဝန်ဆောင်မှုလုပ်ငန်းအတွင်း ပါဝင်နိုင်အောင် ဆောင်ရွက်သွားရန်အတွက် ရည်ရွယ်ထားကြောင်း သိရသည်။ **Htet Oo Maung**



မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်ဖြစ်လာသည့် ပုပ္ပားတောင်မကြီးအား အဝေးမှ မြင်တွေ့ရပုံ။

## သစ်ထွန်းမှုကြုံလကဆုန်

ရက်စုံရာ ကဆုန်လ
ဒုတိယ ကြိမ်ရေတည်။
ရာသီမှာ စံကားပန်း
ပွင့်လန်းတော့သည်။

ဒေဝါမိုးရွာလေပြီ
တိုင်းဌာနီ ပြည်တစ်လွှား။
တို့တောယာ မြေရနံ့ရယ်
သင်းပျံ့နေပြား။

လရာသီ ညောင်ရေပွဲ
ဆင်နွှဲတဲ့ ဤချိန်ခါ။
ဥဒ္ဒိသာ စေတီမြတ်
သတ်မှတ်ခဲ့တာ။

နွေကာလ ကဆုန်မှာ
စဉ်လာမှာ မပျက်ကြောင်း။
ဘုရားရှင် ဦးတင်မှန်းတယ်
သွန်းဖျန်းကာလောင်း။

လေးမျိုးကြုံ မြတ်ဘုရား
ဗျာဖွားပွင့်စံ။
ကဆုန်ခါ လပြည့်နေ့
ဆုံတွေ့ခဲ့ပြန်။

ဘာသာဝလေ့ ပျော်မွေ့ဟန်
တိုင်းနိုင်ငံ လွှန်ကျော်ကြား။
သစ်ထွန်းကြုံ ကဆုန်လရယ်
လှပနေပြား။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

## လေးမျက်နှာမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပ

**လေးမျက်နှာ မေ ၂၁**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ဝေန်ရွှေမြေဘောလုံးကွင်း၌ ယမန်နေ့ ညနေပိုင်းက ဖွင့်ပွဲကျင်းပသည်။

**အဖွင့်အမှာစကား ပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က ပြိုင်ပွဲဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာခံဌာန် ရွတ်ဆိုကြသည်။

ပြိုင်ပွဲပထမပွဲစဉ်အဖြစ် Htut Eain Khant F.C (2) အသင်းနှင့် Gold Star F.C အသင်းတို့ယှဉ်ပြိုင်ခဲ့ရာ Htut Eain Khant F.C (2) အသင်းက ခြောက်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီး မေ ၂၀ ရက်မှ ဇွန် ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**



## (၆)ကြိမ်မြောက် အသက် ၈၀ အထက် ဘိုးဘွားများအား ပူဇော်ကန်တော့

ကသာ မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အမှတ်(၅) ဖေယျာချောင်ရပ်ကွက် ရပ်ကွက်ဈေး၌ ယနေ့ ညနေ ၅ နာရီခွဲက (၆)ကြိမ်မြောက် အသက် ၈၀ အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပသည်။

အဆိုပါ ပူဇော်ကန်တော့ပွဲတွင် ရပ်ကွက်အတွင်း အသက် ၈၀ အထက် ဘိုးဘွား ၉၁ ဦးတို့အား အောင်မင်္ဂလာ ဝတ်ရွတ်အသင်း မြို့ပေါ်နှင့် ရပ်ကွက်အတွင်းရှိ အလှူရှင်များက စုပေါင်း၍ လှူဒါန်းကြခြင်းဖြစ်သည်။ အခမ်းအနားသို့ဘိုးဘွား ၇၀ တက်ရောက်ခဲ့ပြီး အခမ်းအနား မတက်ရောက်နိုင်သော ဘိုးဘွား ၂၁ ဦးတို့အား အိမ်တိုင်ရာရောက် လှူဒါန်းခဲ့သည်။



ဤသို့ အစဉ်အလာမပျက် ကျင်းပခဲ့သော ဘိုးဘွားပူဇော်ကန်တော့ပွဲတွင် လိုအပ်သည့် ငွေကြေး၊ ဆေးဝါး၊ အချိုရည်များကို လှူဒါန်းခဲ့ကြသည့်အပြင် ဇလာမပါကံစမ်းမဲအစီအစဉ်များကိုလည်း ထည့်သွင်းပူဇော်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဥတ္တရသီရိမြို့နယ်အတွင်း လေဘေးသင့်ခဲ့သည့် ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ကောင်စီအတွင်းရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းက သရက်တောကျေးရွာအုပ်စု မသိမ်ကျေးရွာအတွင်း၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်း၍ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။



**တက်ရောက်**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မသိမ်ကျေးရွာရှိ သရက်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ သရက်တောကျေးရွာအုပ်စု၊ မိုးစွေကျေးရွာအုပ်စုနှင့် ဘုရားတောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ခဲ့သည့် ပြည်သူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့မှ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်သည်။

အခမ်းအနားတွင် ဥတ္တရသီရိမြို့နယ်အုပ်ချုပ်ရေးမှူးက လေပြင်းဘေးဖြစ်ပွားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လေဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်ကောင်စီအတွင်းရေးမှူးတို့က သရက်တောကျေးရွာအုပ်စု၊ မိုးစွေကျေးရွာအုပ်စုနှင့် ဘုရားတောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ခဲ့သည့် အိမ်ထောင်စုများအား နေပြည်တော်ကောင်စီမှ ထောက်ပံ့ငွေကျပ် ၄၅ သိန်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၂၄၄၄၉၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး တစ်အိမ်ထောင်စာတို့ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တောင်ညိုကျေးရွာရှိ အလင်းတံခါးစာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ ထားရှိမှုနှင့် လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုများကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်များ ပေးအပ်လှူဒါန်းကာ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ သုတ/ရသ စာအုပ်စာစောင်များ ပြည့်စုံစွာထားရှိရေး၊ နေ့စဉ်ထုတ်သတင်းစာများ ထားရှိရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တောင်ညို တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးရာ ဆေးရုံအုပ် ဒေါက်တာထွန်းလင်းက ကျန်းမာရေးစောင့်ရှောက် ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## လွိုင်လင်မြို့နယ်၌ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

လွိုင်လင် မေ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းရှိ တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းကို ယမန်နေ့နံနက်ပိုင်းက စတင်ထုတ်ချေးပေးသည်။

ယနေ့တွင် လွိုင်လင်အရှေ့ကျေးရွာအုပ်စုမှ လူဦးရေ ၁၁၃ ဦး၊ စပါးဧက ၇၄၁ ဧက၊ ပြောင်း ၉၁ ဧကအတွက် ငွေကျပ် ၁၂၀ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

လွိုင်လင်ခရိုင်ဘဏ်ခွဲတွင် မြို့နယ်ရှစ်မြို့နယ်ရှိပြီး လူဦးရေ ၃၀၂၀ အတွက် စပါးဧက ၁၈၈၂၄ ဧက၊ ပြောင်း ၅၁၁၄ ဧကအတွက် ငွေကျပ်သန်း ၃၃၃၅၀၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲ၊ ပြောင်းတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် တောင်သူများ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တောင်ငူပညာရေးဒီဂရီကောလိပ်၌ တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများအတွက် ဆရာအတတ်ပညာ အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ ကျင်းပ

တောင်ငူ မေ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ်၌ တိုင်းရင်းသားဘာသာစာပေသင်ဆရာ ဆရာမများအတွက် ဆရာအတတ်ပညာအရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ(၃/၂၀၂၄)ကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီးတောင်ငူပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကရင်နှင့် ရှမ်းတိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



အဆိုပါ ဆွေးနွေးပွဲကို မေ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ်၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘာသာစကားသင်ပြနည်း၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ ပညာရေးသဘောတရားနှင့် ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ကာ ရှမ်း၊ ကရင်နှင့် ချင်းတိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမ ၃၂ ဦး တက်ရောက်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## ကျောက်တံခါးမြို့နယ်၌ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး အသိပညာပေးဆွေးနွေး

ကျောက်တံခါး မေ ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ်တွင် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုအဖွဲ့မှ သက်ဆိုင်ရာဌာနများက တောင်သူများ လျာထားချက်ထက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးမွေးမြူနိုင်ရေးအတွက် ကဏ္ဍအလိုက် အသိပညာပေးဆွေးနွေးကြပြီး တက်ရောက်လာသော တောင်သူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**မြို့နယ်(ပြန်/ဆက်)**




## ကလောခရိုင် ရဲတပ်ဖွဲ့မှူးရုံးသစ် အဆောက်အအုံဖွင့်ပွဲ ကျင်းပ

ကလော မေ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၁၀)ရပ်ကွက်တွင် ကလောခရိုင် ရဲတပ်ဖွဲ့မှူးရုံးသစ်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီက အဆိုပါရုံး၌ ပြုလုပ်သည်။

ဦးစွာ ကလောခရိုင်ရဲတပ်ဖွဲ့မှူးရုံးသစ် အဆောက်အအုံကို ကလောတပ်နယ်စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုနှင့် အမြောက်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါရုံးသစ်အဆောက်အအုံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၃၂ သန်းကျော်ဖြင့် ပစ်တိုင်းထောင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ပြီး မတ် ၁၉ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မီးမပျက်စေချင်ပါ

နော်ယဉ်ကျေး

၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် များမကြာမီ ပူပြင်းလှသော ရန်ကုန်၏ နွေရာသီကာလကို ဖြတ်သန်းချိန်နှင့် ကြုံရသဖြင့် ရန်ကုန်မြို့၏ လျှပ်စစ်မီးဒုက္ခကို မျက်ဝါးထင်ထင် ကြုံတွေ့ သိမြင်ခံစားခွင့်ရခဲ့ပါသည်။ အပူဒဏ်ကြောင့် လေအေးပေးစက်၊ ပန်ကာစသည့်အအေးပေးပစ္စည်းများ တစ်ပြိုင်နက်တည်း များစွာအသုံးပြုလာကြသဖြင့် ပုံမှန်ထက်ပိုမို၍ ဝန်အားအသုံးပြုလာရသည့်အခါ ထုတ်လုပ်မှုက ပုံမှန်အတိုင်းသာရှိနေသဖြင့် ဓာတ်အားပြတ်တောက်မှုကို များစွာခံစားလာကြရသည်။



အဆိုပါ အခြေအနေများကို အတတ်နိုင်ဆုံး ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုများအား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌက (၃-၅-၂၀၂၄) ရက်တွင် ထပ်ဆင့်ရှင်းလင်းခဲ့ရာ ဓာတ်အားပြတ်တောက်မှုများနေသည့် အခြေအနေများအနက် NCC (National Control Center) ဗဟိုဓာတ်အားထိန်းချုပ်ဌာနမှ အရေးပေါ် ဝန်အားလျှော့ခြင်း (Load Shed) ပြုလုပ်နေခြင်းသည် ဓာတ်အားစနစ် တည်ငြိမ်အောင် မဖြစ်မနေ ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ အခြားသောနိုင်ငံများတွင် ထုတ်လုပ်နိုင်သည့် ဓာတ်အား၏ ၈၅ ရာခိုင်နှုန်းကို ဖြန့်ဖြူးပြီး ၁၅ ရာခိုင်နှုန်းခန့်ကို လိုတိုးပိုလျှော့လုပ်နိုင်ရန် မောင်းနှင်ထားသဖြင့် မီးမဖြတ်ဘဲ ဓာတ်အားစနစ်ကို တည်ငြိမ်အောင်ထိန်းနိုင်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမလုံလောက်ခြင်းကြောင့် ထုတ်လုပ်နိုင်စွမ်း ၁၀၀ ရာခိုင်နှုန်းကို အပြည့်အဝ ဖြန့်ဖြူးထားရသဖြင့် ဓာတ်အားစနစ် တည်ငြိမ်ရန်အတွက် အရေးပေါ်ဓာတ်အားပိတ်ခြင်း နည်းလမ်းမှလွဲ၍ ဆောင်ရွက်၍မရနိုင်ကြောင်း စသည့် အခြေအနေများကို အသေးစိတ်ရှင်းပြရာ ဖြစ်ပေါ်နေသည့် အခြေအနေကို သိရှိနားလည်သဘောပေါက်ခဲ့ရသည်။

**အထမ်းသမားဥပမာ**

ပြည်သူအများစုအား ဝန်အားသုံးစွဲမှုကိစ္စကို ရှင်းပြရာတွင် သဘောမပေါက်ကြဘဲ မီးလာရေးကိုသာ အတင်းတောင်းဆိုနေကြပြီး လျှော့သုံးဖို့ကို လုံးဝမပြုလုပ်လိုကြပါ။ ယခုကဲ့သို့ ဓာတ်အားစနစ်တည်ငြိမ်အောင် ဝန်အားလျှော့ရပါသည်ဆိုသည်ကိုလည်း လက်ခံလိုကြမည် မဟုတ်ပါ။ ထို့ကြောင့် ဆရာသမားပြောသော အထမ်းသမားဥပမာဖြင့် နားလည်လွယ်အောင် ရှင်းပြလိုပါသည်။

ပေါင် ၁၀၀၀ လေးသော ပစ္စည်းတစ်ခုကို လူ ၁၀ ယောက် ထမ်းနေရာတွင် တစ်ဦးလျှင် ပေါင် ၁၀၀ စီ နိုင်နိုင်နင်းနင်း သယ်ယူနေကြရာမှ တစ်ယောက်မှာ ခြေချော်လဲသွားခဲ့လျှင် ပေါင် ၁၀၀၀ အလေးကို ကျန်လူကိုးယောက်မှ တစ်ဦးလျှင် ၁၁၁ ပေါင် ရုတ်တရက်တိုး၍ထမ်းရပြီး မနိုင်မနင်းဖြစ်ကာ အားလုံးခြေချော်လဲရသလို လျှပ်စစ်သည်လည်း ထိုသဘောပင်ဖြစ်၍ လူအများ မီးအသုံးများ၍ မနိုင်ဝန်ထမ်းလာရလျှင် စက်များနှေးသွားပြီး ရပ်ကုန်မည်ဖြစ်ပါသည်။ ထိုသို့မဖြစ်စေရန် အလေးချိန်အား ကြိုလျှော့ထားရန်လိုသလို လျှပ်စစ်ကို ကြိုတင်ပြီး အလှည့်ကျ ပိတ်ပေးကြရခြင်းသာ ဖြစ်ပါသည်။

ဝန်အားလျှော့ခြင်း (Load Shed) ပြုလုပ်ရသည့် အခြေအနေနှင့် အကြောင်းရင်း နှစ်ချက်သာရှိသည်။ ပထမအချက်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမလုံလောက်ခြင်းကြောင့် ဓာတ်အားသုံးစွဲမှုများသော (Peak Load Time) အချိန်တွင် ထုတ်လုပ်မှုထက် ပိုမိုသုံးစွဲခြင်းကြောင့် လျှပ်စစ်ပစ္စည်းကြီးများ ပျက်စီးမဆုံးရှုံးစေရန်နှင့် ထုတ်လုပ်သည့် စက်များအပေါ် ဝန်အားများစွာပိပြီး စက်များရပ်တန့်သွားခြင်းမျိုး မဖြစ်စေရေးအတွက် မဖြစ်မနေ ဝန်အားလျှော့ခြင်း (ခေတ္တဓာတ်အား ဖြတ်တောက်ခြင်း) ပြုလုပ်ရပါသည်။

**ဝန်အားသုံးစွဲမှုကိုလိုက်၍ ထိန်းညှိနေရခြင်းဖြစ်**

ဒုတိယအချက်မှာ လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးရာတွင် ပြည်သူများအသုံးပြုသော လျှပ်စစ်ပစ္စည်း (ရုပ်မြင်သံကြား၊ ရေခဲသေတ္တာစသည်) များ၌ သတ်မှတ်ထားသော ဗို့အားမပြည့်ခြင်းနှင့် ကျော်လွန်ခြင်းကြောင့်လည်းကောင်း၊ ကြိမ်နှုန်း (Frequency) ကျော်လွန်ခြင်းနှင့် ကျဆင်းနေခြင်းတို့ကြောင့် အဆိုပါပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းမျိုးမဖြစ်စေရန် Load Shed ပြုလုပ်နေရခြင်းဖြစ်ပါသည်။ ဓာတ်အားစနစ်အတွင်း Frequency ကျဆင်းလာနေပါလျက် ဝန်အားလျှော့ခြင်းကိုမပြုလုပ်ပါက System Breakdown ကို ဖြစ်ပေါ်လာစေနိုင်သဖြင့် မဖြစ်မနေ Load Shed ပြုလုပ်ရခြင်းဖြစ်ပါသည်။ ထိုအခါ ပြည်သူများက မေးလာစရာရှိပါသည်။ လျှပ်စစ်မီးကို ပုံမှန်တစ်သမတ်တည်းပေးလို့ မရဘူးလားဟု မေးကြပါမည်။ တစ်ဦးက ရေစက်ဖြင့်ရေတင်ချိန် နောက်တစ်ဦးက လျှပ်စစ်မီးဖိုဖြင့် ဟင်းချက်မည်။ ထိုသို့ မလုပ်ဘဲ နှစ်ဦးစလုံး ရပ်နားလျှင်လည်း ရပ်နားနေမည်။ ဝန်အားဆိုသည်မှာ တစ်သမတ်တည်း မည်သို့မျှ မရှိနိုင်သဖြင့် ဝန်အားသုံးစွဲမှုကိုလိုက်၍ ထိန်းညှိနေရခြင်းဖြစ်သည်။

ဓာတ်အားထုတ်လုပ်နိုင်မှု အချိုးကျအရ အချိန်အပိုင်းအခြားအလိုက် မြန်မာတစ်နိုင်ငံလုံးအား ခွဲဝေဖြန့်ဖြူးပေးလျက်ရှိရာတွင် ရုတ်တရက်မြင့်မားလာသည့် သုံးစွဲမှုအရ ပြည်သူတို့ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေအောင် အရေးပေါ်ဝန်အား လျှော့ချရခြင်းကို ပြုလုပ်နေရသည်။ ပုံမှန်ခွဲတမ်းအရ ရရှိမည့်ဓာတ်အားရရှိချိန်တွင် တိုက်ဆိုင်စွာဖြတ်တောက်ခံခဲ့ရပါက မီးပြတ်ချိန် ပိုမိုရှည်ကြာသွားနိုင်မည်ဖြစ်ပါသည်။

> **❛ လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးရာတွင် ပြည်သူများအသုံးပြုသော လျှပ်စစ်ပစ္စည်း (ရုပ်မြင်သံကြား၊ ရေခဲသေတ္တာစသည်) များ၌ သတ်မှတ်ထားသော ဗို့အားမပြည့်ခြင်းနှင့် ကျော်လွန်ခြင်းကြောင့်လည်းကောင်း၊ ကြိမ်နှုန်း (Frequency) ကျော်လွန်ခြင်းနှင့် ကျဆင်းနေခြင်းတို့ကြောင့် အဆိုပါပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းမျိုးမဖြစ်စေရန် Load Shed ပြုလုပ်နေရခြင်းဖြစ်ပါသည်။ ဓာတ်အားစနစ်အတွင်း Frequency ကျဆင်းလာနေပါလျက် ဝန်အားလျှော့ခြင်းကို မပြုလုပ်ပါက System Breakdown ကို ဖြစ်ပေါ်လာစေနိုင်သဖြင့် မဖြစ်မနေ Load Shed ပြုလုပ်ရခြင်းဖြစ် ❜**

**၅၀ ရာခိုင်နှုန်းကျော်ကိုသာ ထုတ်လုပ်နိုင်**

ဆောင်းပါးကို တိုတိုနှင့်ရှင်းရှင်းရေးပါဟု ဆရာသမားကမှာထားလေတော့ တိုတိုနှင့်ရှင်းရှင်းပဲ ရေးပါမည်။ လျှပ်စစ်မီးမပျက်စေချင်ပါ၊ သို့သော်ပျက်ပါလိမ့်ဦးမည်။ လျှပ်စစ်ကို ၁၀၀ ရာခိုင်နှုန်းလိုနေချိန်တွင် ၅၀ ရာခိုင်နှုန်းကျော်ကိုသာ ထုတ်လုပ်နိုင်သည်။ ထိုအထဲမှ ၅၀ ရာခိုင်နှုန်းခန့်ကို ရန်ကုန်သို့ ပေးနေရသည်။ မီးမမှန်တာ ဓာတ်အားထုတ်လုပ်မှု မနိုင်လို့ဆိုတာ ရှင်းနေပါပြီ၊ ဘာလို့မထုတ်နိုင်လဲဆိုတော့ အကြောင်းကြောင်းကြောင့် ဖြစ်ပါသည်။ အဓိကမှာ တစ်ယူနစ် ထုတ်လုပ်စရိတ် ကျပ် ၃၀၀ မှ ကျပ် ၅၀၀ ခန့် ကုန်ကျနေချိန်တွင် ၃၅ ကျပ်သာ ပြည်သူထံမှ မနည်းကောက်ခံနေရသည်။ မထုတ်လုပ်နိုင်လို့ ဓာတ်အားမနိုင်၍(Load Shed) မဖြစ်မနေ လုပ်နေရသည်။ ထိုအခါ မီးလာချိန် စုပြုံသုံးကြ၍ Breaker တွေ ပြုတ်၊ လိုင်းဖော့တွေဖြစ်ပြီး မီးလာရမည့်အချိန် ပျက်ပြန်သည်။ ထို့ကြောင့် မီးကပျက်ပါလိမ့်ဦးမည်။ ဒီထက်လည်းရှင်းအောင် မရေးတတ်တော့ပါ။

နိဂုံးချုပ်တင်ပြလိုသည်မှာ ပြည်သူများ၏ နေအိမ်တွင် မီးခလုတ်လေးတစ်ချက် ဖွင့်လိုက်ရုံဖြင့် လျှပ်စစ်မီးလာစေရန် နောက်ကွယ်မှ အသက်၊ သွေး၊ ချွေးနှင့် နည်းပညာမြောက်မြားစွာကို ရင်းနှီးပေးဆပ်နေကြသူများသည် လျှပ်စစ်ဝန်ထမ်းများသာ ဖြစ်ပါသည်။ မီးပျက်လျှင် နေပူမရှောင်၊ မိုးရွာမရှောင် အသက်အန္တရာယ်နှင့်ရင်းပြီး ပြည်သူများအတွက် အလုပ်လုပ်နေကြသည်မှာလည်း လျှပ်စစ်ဝန်ထမ်းများပင်ဖြစ်ပါသည်။ သို့ပါ၍ အမှောင်ခွင်း၍ အလင်းဆောင်ရန် ကြိုးစားဆောင်ရွက်ပေးနေသော လျှပ်စစ်ဝန်ထမ်းများသည်လည်း ပြည်သူထဲကပြည်သူများ နေ့ညဖိအားများစွာ ခံစားနေကြရသည့် လူသာမန်များသာဖြစ်ကြသဖြင့် ပြည်သူများက မျှဝေခံစားနားလည်မှုပေးကြစေလိုပါသည်။ ထို့ကြောင့် ဝန်အားလျှော့ချချိန် မဟုတ်ဘဲ လျှပ်စစ်မီးပြန်လည်ပြတ်တောက်ရခြင်းမျိုး မဖြစ်ရလေအောင် လျှပ်စစ်မီးလာလာခြင်း စုပြုံသုံးစွဲခြင်းမျိုး မပြုလုပ်ကြဘဲ အလှည့်ကျ စနစ်တကျထိန်းသိမ်းသုံးစွဲခြင်း၊ ချွေတာသုံးစွဲကြခြင်းဖြင့် ဓာတ်အားပြတ်တောက်ချိန် နည်းပါးလာစေနိုင်မည်ဖြစ်ပါကြောင်း အနူးအညွတ် မေတ္တာရပ်ခံ၍ တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။



## လေးမျက်နှာမြို့နယ်၌ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေး

**လေးမျက်နှာ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ယမန်နေ့နံနက်ပိုင်းမှစ၍ လှော်ကထားကျေးရွာအုပ်စုမှ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေးပေးခဲ့သည်။

**ထုတ်ချေးသွားမည်ဖြစ်**

လေးမျက်နှာမြို့နယ်အနေဖြင့် ယခုနှစ်တွင် ကျေးရွာအုပ်စု ၄၇ အုပ်စုရှိ မိုးစပါးစိုက်ဧက ၃၄၇၅၉ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၅၂၁၃၈၅၀၀၀၀ ထုတ်ချေးပေးရန် လျာထားဆောင်ရွက်လျက်ရှိပြီး လှော်ကထားကျေးရွာအုပ်စုမှ မိုးစပါးစိုက်တောင်သူ ၁၁၄ ဦး၏ စိုက်ဧက ၇၉၃ ဧကအတွက် ချေးငွေကျပ် ၁၈၉၅၀၀၀၀ ထုတ်ချေးပေးခဲ့သည်။ လေးမျက်နှာမြို့နယ်တွင် နှစ်စဉ်မိုးရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအား မိုးစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲဖြင့် စိုက်ပျိုးချိန်အမီ မေ ၂၀ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိပြီး တောင်သူများအား လျာထားချက်နှင့်အညီ စက်တင်ဘာလကုန်အထိ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရာဖာတွင် ဆင်နွှဲနေသည့် စစ်ဆင်ရေးများနှင့်ပတ်သက်၍ အစ္စရေးနှင့် အမေရိကန် ဆွေးနွေး



ဂျေရုဆလင် မေ ၂၁

ဂါဇာတောင်ပိုင်းရှိ ရာဖာတွင် ဆင်နွှဲနေသည့် စစ်ဆင်ရေးများနှင့်ပတ်သက်သည့် အကြောင်းအရာများကို အစ္စရေးတပ်ဖွဲ့မှ တာဝန်ရှိသူများက အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလေဗန်နှင့် အသေးစိတ်ဆွေးနွေးခဲ့သည်ဟု အိမ်ဖြူတော်က ပြောကြားသည်။

ဂျိတ်ဆူလေဗန်သည် အစ္စရေးကာကွယ်ရေးဝန်ကြီး Yoav Gallant အပါအဝင် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု သိရသည်။

ဟားမတ်စ်အဖွဲ့အား တိုက်ခိုက်နေသည့် စစ်ဆင်ရေးနှင့်ပတ်သက်၍ အစ္စရေးတာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းခဲ့ပြီး အမေရိကန်နှင့် ထပ်မံဆွေးနွေးရန်လည်း သဘောတူညီခဲ့ကြသည်။

ရာဖာတွင်အစ္စရေးက ဆင်နွှဲနေသည့် စစ်ဆင်ရေးနှင့်ပတ်သက်၍ အမေရိကန်၏စိုးရိမ်မှုများကို ဆူလေဗန်က ထပ်လောင်းပြောကြားခဲ့သည်ဟု သိရသည်။

ဟားမတ်စ်များကို ချေမှုန်းရန်နှင့် ဓားစာခံများပြန်လည်လွှတ်မြောက်ရန်အတွက် ရာဖာတွင် မြေပြင်စစ်ဆင်ရေးကို တိုးမြှင့်ရန် အစ္စရေးတွင် တာဝန်ရှိကြောင်း ကာကွယ်ရေးဝန်ကြီး Gallantက လူမှုမီဒီယာတွင် ပြောကြားခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–စိုးသူရ**

# သီရိလင်္ကာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွား

ကိုလံဘို မေ ၂၁

သီရိလင်္ကာနိုင်ငံရှိ နိုင်ငံသား ၃၃၀၀၀ ကျော်သည် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းထန်စွာ တိုက်ခတ်ခြင်းကဲ့သို့သော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကြုံတွေ့နေရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများရှိ ဒေသခံ ၁၈၂၇ ဦးအား လုံခြုံစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့ခဲ့ရသည်ဟု သဘာဝဘေးစီမံခန့်ခွဲရေး စင်တာ ညွှန်ကြားရေးမှူး ပရာဒိကိုဒတ်ပီလီက မှတ်ချက်ပြုပြောကြားသည်။ နိုင်ငံအတွင်း မုတ်သုံရာသီအားကောင်းလာသဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်လာရကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ နိုင်ငံအတွင်းရှိ အချို့ဒေသများတွင် မိုးရေချိန် မီလီမီတာ ၁၀၀ အထိ ရွာသွန်းခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**





# ဖိလစ်ပိုင်နိုင်ငံ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပီဆို ၉ ဒသမ ၅ ဘီလီယံ ဆုံးရှုံးမှုဖြစ်စေခဲ့

မနီလာ မေ ၂၁

ဖိလစ်ပိုင်နိုင်ငံ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုများဖြစ်ပွားခဲ့သဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ပီဆို ၉ ဒသမ ၅ ဘီလီယံ ဆုံးရှုံးမှုဖြစ်စေခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းဖြစ်စဉ်ကြောင့်နိုင်ငံအတွင်းရှိ ဒေသ ၁၃ ခုတွင် စိုက်ပျိုးမြေ ၁၆၃၆၉၄ ဟက်တာနှင့် စိုက်ပျိုးသီးနှံ ၄၂၆၇၉၈ မက်ထရစ်တန်ပျက်စီးခဲ့ပြီး လယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ခဲ့ကြောင်း သိရသည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့မှုနှင့် မိုးခေါင်ရေရှားမှုများ ဇွန်လအထိ ဖြစ်ပွားနိုင်သည်။

ထို့ပြင်နိုင်ငံအတွင်း လာနီညာရာသီဥတုဖြစ်စဉ်အတွက်လည်း ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# အမေရိကန်၏ နျူကလီးယားစမ်းသပ်မှုအား အဏုမြူဗုံးဒဏ်သင့် ဂျပန်နိုင်ငံသားများ ဆန့်ကျင်

တိုကျို မေ ၂၁

အမေရိကန်၏ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ဆောင်ရွက်ခဲ့သည့် နျူကလီးယားစမ်းသပ်မှုအား ဆန့်ကျင်ကြောင်းရေးသားထားသည့်စာကို အဏုမြူဗုံးဒဏ်မှ လွတ်မြောက်ခဲ့သည့် ဂျပန်နိုင်ငံသားအုပ်စုတစ်စုက တိုကျိုရှိ အမေရိကန်သံရုံးသို့ ပေးပို့ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

အမေရိကန်အနောက်ပိုင်း နီဗားဒါးပြည်နယ်တွင် မေ ၁၄ ရက်က နျူကလီးယားစမ်းသပ်မှုတစ်ခု ဆောင်ရွက်ခဲ့ကြောင်း အမေရိကန်အစိုးရက ပြောကြားသည်။

**ရေးသားထား**

ယခုဂျပန်နိုင်ငံသားများက ပေးပို့သည့်စာတွင် နျူကလီးယားလက်နက်သည် ယနေ့ကမ္ဘာအတွက် မလိုအပ်တော့သဖြင့် နျူကလီးယားစမ်းသပ်မှုဆောင်ရွက်ခြင်းကို လက်မခံနိုင်ကြောင်းနှင့် ယနေ့ကမ္ဘာတွင် နျူကလီးယားဖျက်သိမ်းရေးကိုသာ ရှေးရှုဆောင်ရွက်နေကြောင်း ရေးသားထားသည်။

နျူကလီးယားလက်နက်ဖျက်သိမ်းရေး တောင်းဆိုနေသည့်ကမ္ဘာအတွက် နျူကလီးယားစမ်းသပ်မှုများမဆောင်ရွက်ဘဲ စေ့စပ်ညှိနှိုင်းခြင်းဖြင့်သာ အဖြေရှာရန် ဂျပန်နိုင်ငံသားများက အမေရိကန်အား တိုက်တွန်းခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–စိုးသူရ**

# အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၃၀၀၀၀ ကျော် ထိခိုက်ခဲ့

ကဘူးလ် မေ ၂၁

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း ယခုနှစ်အတွင်း ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၃၀၀၀၀ ကျော်ထိခိုက်ခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။

ရေဘေးသင့် ပြည်သူများအတွက် အရေးပေါ်အမိုးအကာ၊ ဆေးဝါး၊ အစားအစာ၊ ငွေသား၊ သောက်ရေသန့်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများ အရေးပေါ်လိုအပ်နေကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက လူမှုမီဒီယာအိပ်စ်တွင် ပြောကြားသည်။

မကြာသေးမီက ရေလွှမ်းမိုးမှုအများဆုံးဖြစ်ပွားခဲ့သော နိုင်ငံမြောက်ပိုင်း ဒေသများတွင် ဖျားနာမှုများအပါအဝင် ဝမ်းပျက်ဝမ်းလျှောနှင့် အရေပြားရောဂါကူးစက်မှုများ များပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံ၏ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ Mullah Janan Saeq က "Faryab ပြည်နယ်ကဲ့သို့သော ပြည်နယ်များတွင် ဒေသခံအများအပြား ပျောက်ဆုံးနေပြီး ရှာဖွေမှုများ ဆက်လက် လုပ်ဆောင်နေသည်" ဟု ပြောကြားသည်။

"ကျွန်တော်တို့ မိသားစုထဲက ၁၅ ယောက်သေဆုံးပြီး ငါးယောက် ပျောက်ဆုံးနေပါတယ်" ဟု မြောက်ပိုင်း Faryab ပြည်နယ် Bilchiragh ခရိုင်တွင် နေထိုင်သူ Muhammad Dadullah က ဆင်ဟွာသို့ ပြောကြားသည်။

Faryab နှင့် အနောက်ပိုင်း Ghor ပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးရေလျှံမှုများကြောင့် အနည်းဆုံး လူ ၁၂၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။



**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# KNDF အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထီးစဲခါးတံတား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီး

နေပြည်တော် မေ ၂၁

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် လွိုင်လင်လေးမြို့၏ မြောက်ဘက်မီတာ ၂၅၀၀ ခန့်အကွာရှိ အရှည်ပေ ၂၆၀၊ အကျယ်ပေ ၃၀ ရှိ ထီးစဲခါးတံတားအား KNDF အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးထားသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အနီးကပ် လုံခြုံရေးဆောင်ရွက်ပြီး ဆီဆိုင်မြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မေ ၁၇ ရက်မှစတင်၍ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ယခုအခါ တံတားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ယာဉ်ကြီး/ယာဉ်ငယ်များ ၁၃ တန်အထိ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟိုပုံးမြို့နယ်၌ ကြက်ဥ၊ နွားနို့နှင့် စားသောက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချပေး

ဟိုပုံး မေ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် ကြက်ဥ၊ နွားနို့နှင့် စားသောက်ကုန် ပစ္စည်းများ ဖြန့်ဖြူး ရောင်းချပေးခြင်းကို ယနေ့နံနက် ၉ နာရီက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးရှေ့တွင် ရောင်းချပေးလျက်ရှိသည်။



**ဖြန့်ဖြူးရောင်းချပေး**

ထိုသို့ ရောင်းချပေးရာတွင် ဟိုပုံးတပ်နယ် ကွပ်ကဲမှုအောက်ရှိ ကျောင်း၊ တပ်ရင်း/တပ်ဖွဲ့များမှ တာဝန်ရှိသူများက နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများ စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရန်နှင့် သက်သာချောင်ချိရေးကိုရှေးရှု၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်ရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ကြက်ဥ၊ နွားနို့၊ ဒိန်ချဉ်၊ ဝက်သား၊ စားသောက်ကုန်ပစ္စည်းများ၊ စက်ရုံထုတ်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များကို သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖြန့်ဖြူးရောင်းချပေးနေမှုကို ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် အရာရှိကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ရန်ကုန်အနောက်ပိုင်းခရိုင်လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌အခမ်းအနားမှူးသင်တန်း(အခမဲ့)ဖွင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ကမာရွတ်ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နီနီအေးက အခမ်းအနားဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က သင်တန်းဖွင့်ပွဲ၌ အခမ်းအနားအမျိုးအစားများ၊ အခမ်းအနားမှူးတစ်ဦးတွင်ရှိရမည့် အရည်အချင်းများ၊ ကြိုတင်ပြင်ဆင်မှု၊ ဆောင်ရန်၊ ရှောင်ရန်များ၊ သဒ္ဒါအသုံးအနှုန်း၊ စကားအသုံးအနှုန်းများ၊ အသံ၏ဆွဲဆောင်မှုရှိစေရန် အသံအနေအထားများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကမာရွတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ဗဟန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ သင်တန်းသားများအတွက် စာရေးကိရိယာများထောက်ပံ့ခြင်း၊ ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ သင်တန်းသားများအတွက် စာရေးကိရိယာများ ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၅-၂၀၂၄ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ မန္တလေးမြို့ကျူံးလေးပြင်လေးရပ်၌ကျင်းပမည့် သံဃာတော်(၁၀၂၇၂)ပါးအား ဆွမ်းဖွယ်ပစ္စည်းများအားဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၀၉:၁၅ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၀၉:၄၀ ကဆုန်လပြည့်ဗုဒ္ဓနေ့ ပါဝင်နွှဲပျော်ညောင်ရေသွန်းပွဲတော်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ "သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ ကဆုန်လပြည့်နေ့တရားတော်"
- ၁၁:၂၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၅ ရုပ်ဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၀ ကဆုန်လပြည့်ဗုဒ္ဓနေ့တရားတော်
- ၁၃:၁၀ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၁၄)
- ၁၄:၅၀ Weekly Soccer Preview
- ၁၅:၂၀ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်နှင့် ဉပ္ပါတသန္တိစေတီတော်ရှိ မဟာဗောဓိပင်နေရာများတွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၇:၀၀ ဆီမီးတိုင်များကိုင်ဆောင်ပြီးလှည့်လည်ပူဇော်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သီတဂူဆရာတော်ကြီးဒေါက်တာအရှင်ဉာဏိဿရ၏ဓမ္မသဘင်ပူဇော်ပွဲထုတ်လွှင့်မှုအစီအစဉ်

**mitv**

- 07:01 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- 07:11 Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
- 07:21 Mt. Taung Pu La
- 07:51 International Day for Biological Diversity (22nd May)
- 08:01 News
- 08:27 Asia Updates; Strolling Birds
- 08:32 Offering the Lotus Robe of its Kind
- 09:01 Rocket Firing Festival
- 09:27 The Ornithologist: Dr. Thein Aung
- 10:01 News
- 10:26 Topics Potpourri; Predicting Life Events Using AI
- 10:31 Myanmar Masterclass: Artist Than Kywe
- 10:43 Children's Delight: Twelve Seasonal Festivals in Myanmar (Kason)

**MRTV NRC**

- **ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** ရှမ်းရိုးရာ "နန်တုံ" ဟင်းလျာ
- **ဝ (၀၈:၀၀ မှ ၁၀:၀၀)** ဟိုပန်မြို့အလှ
- **ကချင် (၁၀:၀၀ မှ ၁၂:၀၀)** ခါကြက်ဥပူတင်းလုပ်စားကြမယ်
- **ကယား (၁၂:၀၀ မှ ၁၄:၀၀)** ကယားအမျိုးသားတို့၏ အုံဒိုပေါ်ပီအကအကြောင်း
- **စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)** စွမ်းရည်မြင့်မားသံတောင်သူအမျိုးသမီးများ
- **အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** ကရင်စာပေသင်ကြားရအောင်(အပိုင်း-၁)
- **အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** လည်ပတ်လေ့လာကြည့်ရှုချင်စရာဇီဝမျိုးနွယ်ဆုံဆည်းရာ
- **ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)** မှိုင်ပေါ်လ်ဝက်သားမီးဖုတ်
- **ချင်း (ဆိုး) (၁၈:၀၀ မှ ၁၉:၀၀)** ချင်းရိုးရာခေါင်
- **မွန် (၁၉:၀၀ မှ ၂၁:၀၀)** မွန်ရိုးရာထိမ်းမြားမင်္ဂလာ
- **ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** ထူးခြားရသာ ရခိုင်လှော်စာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ SPORTS MAX
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)

**MRTV PARLIAMENT**

- ၀၅:၄၅ အဖွင့်၊ အလံ
- ၀၆:၀၀ မန္တလေးမြို့နန်းမြို့ရိုးတစ်လျှောက် ကျုံးလေးပြင်လေးရပ်တွင် သံဃာတော် (၁၀၂၇၂)ပါးအား ဆွမ်းဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနား (LIVE)
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများ အကြောင်း)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၀)
- ၁၅:၃၀ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဆိုင်ရာမဟာမင်္ဂလာ အခမ်းအနားများ တိုက်ရိုက်(LIVE) (နေပြည်တော်)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ ငွေးငွေးကြမယ်စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၇:၁၅ "ကဆုန်လပြည့်ဗုဒ္ဓနေ့"တရားတော်
- ၁၈:၀၀ ချန်ပီယံလေးများ (ဇာတ်လမ်း)
- ၂၂:၀၀ Pumpkin & Squash Harvest How To Tell When They're Ready to Pick Garden Answer
- ၂၂:၃၀ တောင့်ထားနော် (ဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Max
- ၀၇:၄၀ Weekly MNL Review
- ၁၆:၀၀ အားကစားလောကထဲကသူတို့အကြောင်း
- ၁၇:၀၀ အားကစားသတင်း

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ဝိုင်းမော်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ပြည်သူခြောက်ဦးသေဆုံးခဲ့ပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် မေ ၂၁

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် KIA သောင်းကျန်းသူများ နှစ်ဖက်တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ မေ ၂၀ ရက်က ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် ပြည်သူခြောက်ဦး သေဆုံးခဲ့ပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

KIA သောင်းကျန်းသူများသည် ဝိုင်းမော်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်စခန်းများကို တိုက်ခိုက်ရာတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထောက်ထားငဲ့ညှာမှုမရှိဘဲ ကျေးရွာများအတွင်းမှ နေအိမ်များနှင့်ပြည်သူများကို အကာအကွယ်ယူ တိုက်ခိုက်ခြင်း၊ ၎င်းတို့၏လုပ်ရပ်များကို ထောက်ခံအားပေးခြင်းမရှိသည့် ကျေးရွာများကို လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း ခတ်ချိုကျေးရွာမှ ဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် မဟုတ်မမှန်လုပ်ကြံရေးသားကာ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာအတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်







ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား တံတားအမှတ်(၇၈) မိုင်းဖောက်ခွဲဖျက်ဆီးခံရမှုကို တွေ့ရစဉ်။

❂ ပဲခူး-မော်လမြိုင်မှ

ပလတ်စတစ်အိတ်အမည်းရောင်ဖြင့် ထုပ်ထားပြီး ဝိုင်ယာကြိုးသွယ်တန်းထားသည့် ရှေ့ထွက်ကြီးကြပ်မိုင်းတစ်လုံးအား တွေ့ရှိရ၍ သက်မဲ့ပြုလုပ်ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကာ တံတားပေါ်တွင် လေးနေရာ၌ မိုင်းပေါက်ကွဲမှုဖြစ်ပွားထားကြောင်းနှင့် တစ်နေရာစီတွင် သံလမ်းဘယ်/ညာတစ်ပေခန့်စီ ပြတ်တောက်ပျက်စီးနေကြောင်း သိရှိရသဖြင့် ယနေ့နံနက် ၆ နာရီခွဲတွင် သိမ်ဆိပ်-ဒုံဝန်း ရထားလမ်းပိုင်းအား ခေတ္တပိတ်၍ လမ်းပိုင်းအချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထား တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၁၄ မိနစ်တွင် လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ မိုင်းဖြစ်စဉ်ကြောင့် ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာမည့် အမှတ်(၈၁)အဆန် ရန်ကုန်-မော်လမြိုင်လူစီးရထားအား နံနက် ၈ နာရီမှ စတင်စေလွှတ်နိုင်ခဲ့သဖြင့် ပုံမှန်ထွက်ခွာချိန်ထက် တစ်နာရီခွဲကြန့်ကြာခဲ့ပြီး အမှတ်(၈၂)အစုန် မော်လမြိုင်-ရန်ကုန်လူစီးရထားသည် မော်လမြိုင်ဘူတာမှ အချိန်မှန် နံနက် ၈ နာရီခွဲတွင် ထွက်ခွာနိုင်ခဲ့သည်။ သထုံဘူတာမှ ယနေ့နံနက် ၆ နာရီတွင် ထွက်ခွာရန် အသင့်ရှိနေသော အမှတ်(၆၈၆) အစုန်ကုန်ရထားအား ခေတ္တစောင့်ဆိုင်းစေခဲ့ရကာ လမ်းပိုင်းပြန်လည်ဖွင့်လှစ်သည့်အချိန်မှသာ စေလွှတ်နိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း ၂၀၅ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း ၁၆၃ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၄၂ ကြိမ် ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့်ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





မိုင်းထောင်ထားမှု



မိုင်းအားဝိုင်ယာကြိုးဖြင့် သွယ်တန်းထားမှု

ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား တံတားအမှတ်(၇၈) အနီး မိုင်းထောင်ထားမှုကို တွေ့ရစဉ်။





ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာ အကြား တံတားအမှတ်(၇၈) မိုင်းဖောက်ခွဲဖျက်ဆီးခံရမှု(ဝဲပုံ)နှင့် ပြန်လည်ပြုပြင်နေမှု(ယာပုံ)တို့ကို တွေ့ရစဉ်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ သန်လျင်မြို့ရှိ လုမ္ဗိနီဘိုးဘွားရိပ်သာ၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာ သန်းမြင့်တို့ ဦးဆောင်သော အဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ လုမ္ဗိနီဘိုးဘွားရိပ်သာ၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံး အချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်အဖွဲ့သည် ရဲစခန်း အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့၌ ရီမန်ကာလအခြေအနေ၊ အမှုစစ်ဆေးစဉ် ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု၊ တရားရုံးတွင်အမှုရင်ဆိုင်ရန် ရုံးထုတ်ချိန်အတွင်း စားသောက်ရမှု၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုရှိ၊ မရှိ၊ အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကော်မရှင်အဖွဲ့သည် လုမ္ဗိနီဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများကို အိပ်ဆောင်များတွင်သွားရောက်တွေ့ဆုံ၍ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့်ညီညွတ်အောင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၈၀ | ၂၆၃၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၂၅ | ၂၆၈၀ | ၂၈၁၅ | ၂၈၄၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၆၀၀ |
| 95 Ron | ၂၇၅၀ | ၂၈၂၅ | ၂၈၀၅ | ၂၇၅၅ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၀ | ၂၈၀၅ | ၂၉၃၅ | ၂၉၆၅ | ၂၈၁၅ | ၂၈၃၀ | ၂၈၆၀ | ၂၈၅၀ | ၂၈၆၅ | ၃၂၇၀ | ၃၇၀၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၄၂၅ | ၂၄၀၀ | ၂၃၅၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၀၅ | ၂၅၃၅ | ၂၅၆၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၈၇၀ | ၃၆၅၀ |
| HSD (50 ppm) | ၂၃၉၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |
| HSD (10 ppm) | ၂၃၉၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၈ | ၂၅၇၁ |
| 95 Ron | ၂၆၀၉ | ၂၆၉၅ |
| HSD (500 ppm) | ၂၂၂၀ | ၂၂၉၄ |
| HSD (50 ppm) | ၂၂၆၇ | ၂၃၄၂ |
| HSD (10 ppm) | ၂၂၆၇ | ၂၃၄၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး၊ စားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**သထုံ မေ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းတို့ဖြင့် ရောင်းချပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက သထုံခရိုင် ပြည်သူ့ဆေးရုံကြီးအရှေ့ရှိ လူနာစောင့်နားနေဆောင်၌ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ၊ သမားတော်များ၊ ခွဲစိတ်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက်စသည့် အခြေခံစားသောက်ကုန်များ ရောင်းချပေးခြင်းတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်တို့ကို ပံ့ပိုးပေးခဲ့ကြသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများစောင့်ရှောက်မှုပေးရာတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့တို့က လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး ခေါင်းစဉ်ဖြင့် အသိပညာပေး

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ဗဟန်း) တို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အကြိုအဖြစ် "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် (ဗဟန်း)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က Talk Show ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေယမင်းဦးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ Theme နှင့် မြေသယံဇာတထိန်းသိမ်းခြင်းဖြင့် မြေယာပျက်စီးယိုယွင်းခြင်း၊ မိုးခေါင်ခြင်းနှင့် သဲကန္တာရဖြစ်ထွန်းခြင်းများ မဖြစ်စေရန် တားဆီးနိုင်ခြင်း၊ ပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များကို ခံနိုင်ရည်ရှိစေခြင်း၊ ကာဗွန်သိုလှောင်ထားနိုင်မှုကို မြင့်တက်စေပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို လျှော့ချပေးနိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



# တိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) စိုက်ပျိုးရေးကဏ္ဍ ဘက်စုံမြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှု

ပဲခူး မေ ၂၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) စိုက်ပျိုးရေးကဏ္ဍ ဘက်စုံမြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်ခရိုင် ရွှေတောင်မြို့နယ် ဝါးတောကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာ ၁၃၅ ဧက နွေနှမ်းဆင်းရတနာ(၃) အထူးဇုန်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသကြက်မွေးမြူရေးနှင့် နို့စားနွားမွေးမြူနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



### ကြည့်ရှုအားပေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာအုပ်စု၌ YSR-1(Yezin Super Rice) စံပြမျိုးစေ့ထုတ်စိုက်ခင်း၊ ပေါင်းတည်မြို့နယ် နတ်ပုတီးကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အောင်မြင်စွာ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဦးဝင်းမြင့်သိန်း၏ သပြေအထူးချုပ်ဖိနပ်အလုပ်ရုံတို့နှင့် နတ်တလင်းမြို့နယ် ရွာသာကျေးရွာရှိ ဦးကျော်မင်းထွန်း၏ မင်းခန့်ကျော်ခြွေလှေ့စက်အမျိုးမျိုး ထုတ်လုပ်ရေးအလုပ်ရုံတို့သို့ သွားရောက်ကြည့်ရှု အားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် လင်းလွန်ပင်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် Mobile Solar ရေတင်စနစ်ဖြင့် စားဖိုဆောင်သီးနှံ တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် မင်းလှမြို့ ရွှေဝါမြိုင်သစ်တောပျိုးဥယျာဉ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးနိုင်ရေး အရိပ်ရသီးပင်စားပင် အပင်ရေ ငါးသိန်းကျော်ပျိုးထောင်ထားရှိမှုနှင့် ရိုဘက်စတာကော်ဖီပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရာသီဥတုဖောက်ပြန်မှုကို သစ်ပင်စိုက်ပျိုးခြင်းမှသာ အကောင်းဆုံးကာကွယ်နိုင်မည်ဖြစ်၍ ကျေးရွာများ၊ ကျေးလက်လမ်းများ၊ ဆည်တာမံရေဝင်ရေလဲတောင်ပေါ်များတွင်လည်း စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ရွှေကျင်မြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေကျင် မေ ၂၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရှမ်းကြေးရပ်ကွက် ရွှေသီရိပန်းခြံ၌ သစ်တောဦးစီးဌာနက မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရွှေကျင်မြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများထံ ပျိုးပင်များပေးအပ်ပြီး တက်ရောက်လာသူများက သစ်ပင်စိုက်ပျိုးကြသည်။

ရွှေကျင်မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ ဒေသအပူချိန်လျှော့ချနိုင်စေရန်နှင့် ဂေဟာစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန်အတွက် အမြင့်နှစ်ပေနှင့်အထက်ရှိသော ကျွန်းပင် ၁၅၀ နှင့် မဟော်ဂနီပင် ၅၀ စုစုပေါင်း ပျိုးပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ ထွန်းထွန်းဇော်(ပြန်/ဆက်)

## ကန်ကြီးထောင့်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

ကန်ကြီးထောင့် မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၂၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို မေ၂၀ ရက်က စတင်ထုတ်ချေးခဲ့ကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၄ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၀ ရက်တွင် ကွင်းယားအရှေ့ကျေးရွာအုပ်စုရှိ တောင်သူ ၉၇ ဦး၏ လယ် ၆၄၁ ဧကအတွက် ထုတ်ချေးငွေကျပ် ၉၆၁၅၀၀၀၀ ကို စတင်ထုတ်ချေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ချေးငွေလာရောက်ထုတ်ယူကြသော တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊တိုင်းဒေသကြီး မန်နေနေဂျာ ဦးအေးသိန်းနှင့် မြို့နယ်မန်နေဂျာ ဦးအောင်နိုင်တို့က တွေ့ဆုံ၍ ချေးငွေထုတ်ချေးရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ဖြူးမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း တစ်ဧက ပျမ်းမျှအစို ၁၅၈ ဒသမ ၁၃ တင်း ထွက်ရှိ

ဖြူး မေ ၂၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ နွေစပါးအထွက်နှုန်းသိရှိစေရေးအတွက် ကျီးမနိုးကျေးရွာအုပ်စုရှိ တောင်သူ ဦးအောင်မင်းလှိုင် စိုက်ပျိုးထားသည့် စပါးမျိုးကွဲ YSR-1 မျိုးစေ့ထုတ် စိုက်ကွက်ကို မေ ၂၁ရက် နံနက် ၉ နာရီက စံကွက်ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှအစို ၁၅၈ ဒသမ ၁၃ တင်း ထွက်ရှိကြောင်း သိရသည်။

ထိုသို့ စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးညှိနှိုင်းကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ကျီးမနိုးကျေးရွာအုပ်စုအတွင်း ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြကြောင်းနှင့် ဖြူးမြို့နယ်အတွင်း ၂၀၂၄ နွေစပါးစိုက်ပျိုးနိုင်ရေး ဒေသလျာထားမှု ၁၇၃၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး အင်းအိုင်ရေဖြင့် ၄၀၉ ဧက၊ ချောင်းပိတ်ရေဖြင့် ၃၅၅၃ ဧက၊ ဆည်ရေဖြင့် ၁၃၄၂၇ ဧကရှိကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

## မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း သောက်သုံးရေဂါလန် ၂၁၈၀၀၀ ဖြန့်ဝေ

မော်လမြိုင် မေ ၂၁

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဦးဆောင်ပြီး မေ ၂၁ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက်၊ ရွှေမြိုင်သီရိရပ်ကွက်တို့ရှိလတ်တလောသောက်သုံးရေ လိုအပ်မှုရှိသည့် ပြည်သူများထံသို့ သောက်သုံးရေ ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။




အဆိုပါ သောက်သုံးရေဖြန့်ဝေခြင်းကို မေ ၇ ရက်မှစ၍ သောက်သုံးရေ ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ပြီး လတ်တလော သောက်သုံးရေ လိုအပ်မှုရှိသည့် နေအိမ်များသို့ မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက ခရိုင်/ မြို့နယ် ဦးစီးမှူးရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ မြို့နယ် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိ/ ရပ်ဖများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး သောက်သုံးရေများ ဖြန့်ဝေပေးခြင်း ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်ရာသီတွင် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၁ ရပ်ကွက်နှင့် ကျေးရွာ ၁၂ ရွာတို့တွင် သောက်သုံးရေဂါလန် စုစုပေါင်း ၂၁၈၀၀၀ ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

❖ ကျောဖုံးမှ

နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းသည် အိမ်ရှင်မလေးရှားအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်အရေးနိမ့်ခဲ့သဖြင့် ဖိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အိမ်ရှင်ပရိသတ်၏ အားပေးမှုကြောင့် အမှားအယွင်းများရှိခဲ့ပြီး ပထမပွဲငယ်တွင် ၁၅-၁၀ မှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ဒုတိယပွဲငယ်တွင် ပြန်လည်အနိုင်ရနိုင်သည့် အခြေအနေရှိခဲ့သော်လည်း ပွဲပြီးခါနီးတွင် ရသင့်သည့် အမှတ်များ ဆုံးရှုံးခဲ့သဖြင့် ၁၇-၁၆ မှတ်ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

**ဆရာကြည်**

(၂၃-၄-၂၀၂၄ ရက်နေ့မှအဆက်)

ထိုအခါ ဘုရားရှင်က "ဂဒြဘ သင်အကြောင်းကြားလိုပါက အကြောင်းကြားပါ"ဟု မိန့်တော်မူလေသည်။ ဘုရားရှင်သည် ဤသို့မိန့်တော်မူပြီး အာဠာဝက၏ ရာဇပလ္လင်ပေါ်သို့တက်၍ ရွှေသော ရောင်ခြည်တော် လွှတ်တော်မူသည်။ ထိုအခါ အာဠာဝက၏ မောင်းမမိဿံ ဘီလူးမတို့သည် ဘုရားရှင်ထံသို့ စုရုံးလာကြပြီး ဖူးမြော်ကန်တော့သည်။ ဝန်းရံနေကြသည်။ ဘုရားရှင်ကလည်း ၎င်းတို့နှင့်သင့်တော်သော တရားဓမ္မကို ဟောကြား၍နေလေသည်။

ဂဒြဘဘီလူးသည် အာဠာဝကဘီလူးအား ဤသို့အကြောင်းများကို ပြောပြသောအခါ၌ "ဂဒြဘ ဆိတ်ဆိတ်သာနေ ဤကိစ္စကို မည်သူတစ်ဦး တစ်ယောက်မျှ မသိစေနှင့် ဤကိစ္စကို ငါပြုမူဆောင်ရွက်မည်၊ အခုပဲလာမည်ဖြစ်ကြောင်း" ပြောကြားလိုက်လေသည်။

ယင်းအချိန်တွင် သောတာပန်ဖြစ်ပြီးသူ သာတာဂိရိနှင့် ဟေမဝတနတ်နှစ်ဦးသည် ထိုနတ်အစည်းအဝေးသို့ နောက်လိုက်ပရိသတ်များ ခြံရံလျက် ကောင်းကင်ခရီးဖြင့် လာကြလေသည်။ သို့သော် အာဠာဝကဘီလူးဗိမာန်သို့ ရောက်သည့်အခါ မဖြတ်သန်း မကျော်လွှားနိုင်ဘဲ မြေပြင်သို့ ကျကြကုန်သည်။ ၎င်းတို့နှစ်ဦးသည် အဘယ်ကြောင့်လဲဟု ဆင်ခြင်သော် ဘုရားရှင်ရောက်နေကြောင်း သိရ၍ ဝင်ရောက်ဖူးမြော်ပြီး သူတို့ယင်းအစည်းအဝေးသွားရမည်ကို လျှောက်ထား၍ ထွက်ခွာသွားကြလေသည်။ ထိုနတ်နှစ်ပါးကို အာဠာဝကဘီလူး မြင်လျှင်ပင် သူ့နေရာမှထ၍ နေရာပေးဖိတ်ကြားလေသည်။

ယင်းနတ်နှစ်ပါးက အာဠာဝကဘီလူးအား "သင် ယနေ့ ထူးခြားလေစွ၊ သင့်ဗိမာန်၌ ဘုရားရှင်ရောက်နေသည်၊ သင် အလျင်အမြန် ဘုရားရှင်အား ဖူးမြော်ဆည်းကပ်လော့"ဟု ပြောကြလေသည်။ အာဠာဝကဘီလူးသည် နတ်နှစ်ပါးစကားကို ကြားသောအခါ အမျက်ထွက်လေသည်။ "ငါ့ဗိမာန်ထဲသို့လည်း ဝင်ရောက်နေထိုင်သည်၊ ဤသူသည် ဘယ်သောသူလဲ၊ သတ်မည်၊ စားမည်၊ ညက်ညက်ချေပစ်မည်"ဟု ကြုံးဝါးလေသည်။

ထိုနတ်နှစ်ပါးသည် အာဠာဝကအား "ငါတို့ဘုရားရှင်၏အကြောင်းကို သင်မသိလေ့။ သင်သည် ဘုရားရှင်ကို ဘယ်သို့ပြုနိုင်အံ့နည်း။ သင်သည် ဘုရားရှင်နှင့် နှိုင်းယှဉ်လျှင် "ဆင်ပြောင်နှင့်ခြင်ကောင်"၊ "ခြသေ့်နှင့် မြေခွေး"၊ "ဂဠုန်ငှက်နှင့်ကျီးပမာ" ကွာခြားလှပါဘိ။ ဘုရားရှင်အား သင်၏စွမ်းအားဖြင့် စမ်းချင်သလို စမ်းပါ။ တုမမီနိုင်ဘူး" ဟု ပြောလေသည်။

ဤသို့သောစကားကိုကြားလျှင် အာဠာဝကဘီလူးသည် ဒေါသခြောင်းခြောင်းထွက်လျက် ဆေးဒါန်ကျောက်ဖျာပြင်ပေါ် လက်ဝဲခြေကို ရပ်လျက် "သင်တို့ဆရာ ဘုရားနှင့် ငါ့စွမ်းအား ဘယ်သူကသာသလဲ ကြည့်ကြလော့" ကြုံးဝါးပြီး လက်ယာခြေဖြင့် ကေလာသတောင်ထိပ်ကို စောင့်နင်းလိုက်ရာ ၎င်းတောင်၏ ကျောက်လွှာများ ကွာထွက်ကုန်သည်။ ထို့ပြင် အာဠာဝကဘီလူးသည် တောင်ထိပ်၌ရပ်လျက် ငါ "အာဠာဝကဘီလူးတဲ့ဟေ့"ဆိုပြီး ကြုံးဝါးအော်ဟစ်ကာ ဇမ္ဗူဒီပအားလုံးကို တုန်လှုပ်ချောက်ချားသွားလေသည်။

၎င်းဘီလူးသည် ဘုရားရှင်ရှိရာအရပ်သို့ လေမုန်တိုင်း၊ ကမ္ဘာပျက်မိုး၊ ကျောက်စရစ်မိုး၊ သန်လျက်မိုး၊ ပြာပူမိုး၊ သဲမိုး၊ ရွှံ့ညွှန်မိုး၊ အမိုက်မှောင်ဟူသောအရာတို့ဖြင့်လည်းကောင်း ပြုလုပ်သည်။



ဘုရားရှင် ထွက်ပြေးအောင် ကြောက်စရာကောင်းသည့် လက်နက်မျိုးစုံဖြင့် တစ်ခုပြီးတစ်ခု တိုက်ခိုက်လေသည်။ ၎င်းက ယင်းသို့တိုက်ခိုက်သော်လည်း ဘုရားရှင်အား ထိခိုက်မှုမဖြစ်ဘဲ အချည်းနှီးသာ ဖြစ်ကုန်သည်။ ဘုရားရှင်အား ကြောက်လန့်အောင် လုပ်သော်လည်းမရပေ။

ထို့အပြင် "မာရ်နတ်" က တိုက်သကဲ့သို့ ကြီးစွာသော ဘီလူးစစ်တပ်၊ ကြောက်မက်ဖွယ် ရုပ်သွင်အမျိုးမျိုး၊ လက်နက်မျိုးစုံတို့ဖြင့် ဖန်ဆင်း၍ တိုက်ကြ၊ ခိုက်ကြ၊ ဝင်ကြ၊ ဖမ်းကြ၊ သတ်ကြဟူ၍ ဟစ်အော်လျက် ဘုရားရှင်ထံသို့ ချီတက်သော်လည်း ဘုရားရှင်အနားသို့ မကပ်နိုင်ကြပေ။ နောက်ဆုံး ဘွဲ့ဖြူ လက်နက်တည်သော် ထိုလက်နက်သည် ဘုရားရှင် ခြေရင်း၌ ခြေသုတ်ပုဆိုးသာဖြစ်သွားလေသည်။

ဘုရားရှင်သည် ယနေ့ အာဠာဝကဘီလူးကို ဆုံးမလိမ့်မည်ဟုဆိုပြီး စကြာဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းသည် ဘုရားရှင်အနားသို့ လာကြပြီး တရားနာကြကုန်သည်။ ဤသို့ဖြင့် အစွမ်းကုန်တိုက်ခိုက်၍ ဘုရားရှင်ကို မအောင်မြင်နိုင်ရာ အာဠာဝကဘီလူးသည် ရဟန်းဂေါတမသည် မေတ္တာဘာဝနာပွားများ၍နေသောကြောင့် ဖြစ်သည်ဟု ကြံတွေးပြီး ဘုရားရှင်အား ဒေါသထွက်အောင်ပြုအံ့ဟု လုပ်ဆောင်ပြန်သည်။ အာဠာဝကဘီလူးသည် ဘုရားရှင်အား "ငါ၏ ခွင့်ပြုချက်မရဘဲ ငါ၏ဗိမာန်တွင် ဝင်ရောက်နေထိုင်သလဲ၊ ရဟန်းကျင့်ဝတ်နှင့်မညီ၊ မသင့်တော်ကြောင်း၊ တရား၌ တည်သူဖြစ်လျှင် ယခုပင် ငါ့ဗိမာန်မှထွက်လော့" ဟု ဆိုလေသည်။

ဘုရားရှင်သည် ဤသို့ ခက်ထန်ကြမ်းတမ်းသူကို မဂ်ရအောင် နူးညံ့သိမ်မွေ့သောစကားဖြင့် ဆိုလေသည်။ "အာဠာဝက သင်မနေလိုလျှင် ငါထွက်ပါမည်"ဟု မိန့်ဆိုပြီး ထွက်လေသည်။ ဘီလူးသည် ဘုရား၏ ယင်းသို့ပြုမူသည်ကို သူ၏ စကားကို နာခံသူဖြစ်ပါလျက် ငါ့တိုက်ခိုက်မှုမှာ တစ်ညလုံး အချည်းနှီးဖြစ်သည်ဟုဆိုပြီး သိမ်မွေ့လာလေသည်။ ရဟန်းဂေါတမသည် ငါ၏စကားကို နာခံ၍ ထွက်သလော၊ ဒေါသထွက်သလောသိအောင် တစ်ဖန် ဘီလူးသည် ဘုရားရှင်အား "ရဟန်းဂေါတမ ပြန်ဝင်လော့"ဟု မိန့်တော်မူသည်။ သုံးကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သည်။ ဤသို့ ရဟန်းဂေါတမသည် ငါပြုသမျှ လိုက်လျောသည်။ ဒီတစ်ခါထွက်လျှင် ၎င်းခြေနှစ်ချောင်းကို ဆွဲကိုင်ပြီး ဂင်္ဂါမြစ်ထဲသို့ လွှင့်ပစ်အံ့ဟုကြံ၍ ပြန်ထွက်ခိုင်းလေသည်။

ထိုအခါ၌ ဘုရားရှင်သည် "ငါမထွက်လို ထွက်လာလျှင် သင်သည် ငါ့ခြေနှစ်ချောင်းကို ဆွဲကိုင်လျက် ဂင်္ဂါမြစ်ထဲသို့ လွှင့်ပစ်မည်ကို ငါသိသည်။ ထို့ကြောင့် မထွက်လို" ဆို၍ မထွက်ချေ။ ရဟန်းဂေါတမသည် တန်ခိုးကြီးရုံတင်မက ငါ၏အကြံကိုပါ သိသည်။

ငါသိလိုသောအမေးများကို မေးအံ့ကြံ၍ ဘီလူးသည် ဘုရားရှင်အား "အရှင်ရဟန်းဂေါတမ သင့်အား ငါ့ပြဿနာကို မေးအံ့။ သင်မဖြေနိုင်လျှင် ရှေ့က သူ့ထံသို့လာသော ဈာန်ရသေ့များကို လုပ်သကဲ့သို့ သင့်အား စိတ်ရူးသွပ်အောင် လုပ်အံ့။ သင့်နှလုံးသားကို ဖောက်ပစ်အံ့။ သင့်ခြေနှစ်ချောင်းကို ဆွဲကိုင်၍ မြစ်တစ်ဖက်ကမ်းသို့ လွှင့်ပစ်အံ့"ဟု ဆိုလေသည်။ ဘုရားရှင်ကလည်း "အာဠာဝက သင်ပြုလုပ်ဆိုသည့်လုပ်ရပ်များကို ဤလောက

> **❛ ဘုရားရှင်က "အာဠာဝက (၁) သဒ္ဓါတရားဖြင့် သံသရာဝဲသြဃကို ကူးမြောက်နိုင်၏၊ မမေ့လျော့ခြင်းဟူသော အပ္ပမာဒတရားတို့ဖြင့် ဘဝသံသရာ သမုဒ္ဒရာကို ကူးဖြတ်နိုင်၏၊ (၂) ကုသိုလ်ဆယ်ပါးကို မပြတ်ကြိုးကုတ်အားထုတ်ခြင်းဖြင့် ဝဋ္ဋဆင်းရဲအပေါင်းတို့မှ လွတ်မြောက်နိုင်၏၊ (၃) ဝိပဿနာ ဉာဏ်ပညာဖြင့် ကိလေသာအညစ်အကြေးတို့မှ ကင်းစင်အောင် သုတ်သင်နိုင်၏" ဟု ဖြေကြားတော်မူသည်။ ထိုတရားများကို နာကြားပြီးသောအခါ အာဠာဝကဘီလူးသည် သောတာပန်ဖြစ် ❜**

အတွင်းတွင် တစ်ဦးတစ်ယောက်မျှမရှိ၊ သင်မေးလိုသောအမေးကိုသာလျှင် မေးလော့။ သင်မေးသမျှကို ငါဖြေတော်မူမည်"ဟု ဖိတ်ခေါ်လေသည်။

ထိုအခါ အာဠာဝကဘီလူးသည် **"ရဟန်းဂေါတမ လူအပေါင်း၏ဥစ္စာကား အဘယ်နည်း၊ အဘယ်တရားသည် အဖန်ဖန်ကောင်းစွာလေ့ကျင့်အပ်သော် လူနတ်နိဗ္ဗာန်ချမ်းသာသုံးတန်ကို ဆောင်ရွက်နိုင်သနည်း၊ အရသာအပေါင်းတို့တွင် အဘယ်အရသာသည် အကောင်းဆုံး၊ အမြတ်ဆုံး ဖြစ်ပါသနည်း၊ အဘယ်သို့သော အသက်ရှည်မှု၊ အသက်မွေးမှုမျိုးကို အမြတ်ဆုံးဖြစ်သနည်း"**ဟု ဆို၍ ပြဿနာလေးရပ်ကို မေးမြန်းလျှောက်ထားလေသည်။

ဘုရားရှင်က ဤသို့ ဖြေကြားမိန့်တော်မူလေသည်။ **"(၁) လူအပေါင်းတို့၏ အမြတ်ဆုံးဥစ္စာသည် ရတနာသုံးပါး၌ မမိုတ်မသုန် ယုံကြည်ခြင်း သဒ္ဓါပေတည်း၊ (၂) ကောင်းမှုကုသိုလ်ဆယ်ပါးသည် အဖန်ဖန်လေ့ကျင့် (ကျက်) ဆည်းပူးအပ်သော် လူနတ်နိဗ္ဗာန်ချမ်းသာသုံးတန်ကို ဆောင်ရွက်နိုင်သည်၊ (၃) အရသာအပေါင်းတို့တွင် "နိဗ္ဗာန်" တရားသည် အမြတ်ဆုံးအရသာမည်သည်၊ (၄) အကျင့်မြတ်ဖြင့် ပြီးစေသောပညာဖြင့် အသက်ရှည်ခြင်းမျိုးကို အမြတ်ဆုံး"**ဟူ၍ ဘုရားရှင်စသော အရိယာသူတော်စင်တို့ မိန့်ကြားကြကုန်သည်ဟု ဖြေကြားမိန့်တော်မူလေသည်။

ဘုရားရှင် ဖြေကြားသောအဖြေကို အာဠာဝက ဘီလူးနာကြားရသော် အလွန်ဝမ်းမြောက်နှစ်သက်သည်။ ထို့ကြောင့် ဘီလူးက ဘုရားရှင်အား မေးမြန်းလျှောက်ထားပြန်ပါသည်။ **"အဘယ်တရားဖြင့် သံသရာသမုဒ္ဒရာကို ကူးမြောက်နိုင်ပါသနည်း၊ အဘယ်တရားဖြင့် ဝဋ္ဋဆင်းရဲအပေါင်းကို လွတ်မြောက်နိုင်ပါသနည်း၊ အဘယ်တရားဖြင့် ကိလေသာအညစ်အကြေးမှ ကင်းစင်အောင် သုတ်သင်နိုင်ပါသနည်း"**ဟူ၍ ထပ်မံမေးမြန်းလျှောက်ထားလေသည်။

ဘုရားရှင်က "အာဠာဝက (၁) သဒ္ဓါတရားဖြင့် **သံသရာဝဲသြဃကို ကူးမြောက်နိုင်၏။ မမေ့လျော့ခြင်းဟူသော အပ္ပမာဒတရားတို့ဖြင့် ဘဝသံသရာ သမုဒ္ဒရာကို ကူးဖြတ်နိုင်၏၊ (၂) ကုသိုလ်ဆယ်ပါးကို မပြတ်ကြိုးကုတ်အားထုတ်ခြင်းဖြင့် ဝဋ္ဋဆင်းရဲ အပေါင်းတို့မှ လွတ်မြောက်နိုင်၏၊ (၃) ဝိပဿနာ ဉာဏ်ပညာဖြင့် ကိလေသာအညစ်အကြေးတို့မှ ကင်းစင်အောင် သုတ်သင်နိုင်၏"** ဟု ဖြေကြားတော်မူသည်။ ထိုတရားများကို နာကြားပြီးသောအခါ အာဠာဝကဘီလူးသည် သောတာပန်ဖြစ်လေသည်။

အာဠာဝကဘီလူးသည် "ပညာဖြင့် ကိလေသာကို စင်ကြယ်အောင် သုတ်သင်နိုင်၏" ဟူသော အဖြေနှင့်ပတ်သက်၍ အမေးပြဿနာငါးခုကို မေးမြန်းသော် ဘုရားရှင်က အကျယ်တဝင့် ဟောကြားသည်။ "ချစ်သား အာဠာဝက ငါဘုရားကဲ့သို့ ဘုရားအမည်ခံကြသည့် "ပူရဏကဿပ" အစရှိသည့် ပုဏ္ဏားများကိုလည်း မေးမြန်းစုံစမ်းလော့ဟု တိုက်တွန်းတော်မူသည်။ အာဠာဝက ဘီလူးက အရှင်ဘုရား အရှင်ဘုရားမှတစ်ပါး မေးမြန်းရမည့်သူမရှိပါ။ ဘုရားတပည့်တော်ကို ဝဋ္ဋဆင်းရဲမှ ကယ်တင်ပေးသူ ဘုရားရှင်သာ ဖြစ်ပါသည်။ ထို့ကြောင့် တပည့်တော်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ပျံ့နှံ့အောင် တစ်ဗိမာန်မှတစ်ဗိမာန်၊ တစ်နိုင်ငံမှတစ်နိုင်ငံ၊ နတ်တို့စံရာ တစ်ဘုံမှတစ်ဘုံသို့ ဆောင်ရွက်တော်မူအံ့ဟု ဂါထာဖြင့် လျှောက်ထားလေသည်။

ဤသို့ဖြင့် ဘုရားရှင်အား အာဠာဝကဘီလူး လျှောက်ထား ဖြေကြားပြီးသည်နှင့်တစ်ပြိုင်နက် နတ်ဗြဟ္မာတို့က ကောင်းချီးပေးခြင်းဖြင့် မိုးစင်စင်လင်း၍ တစ်ပြိုင်တည်း ဖြစ်ပေါ်လာလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၁-၅-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၈၉၉။ | ကွယ်လွန်သူမိဘများဖြစ်သော ဦးမောင်မောင်လှနှင့် ဒေါ်ခင်ခင်စိန်တို့အားရည်စူး၍ ကျန်ရစ်သူသား၊ သမီးများ ကောင်းမှု | ၅၀၀၀၀၀၀ |
| ၈၉၀၀။ | (၄၁)နှစ်မြောက်ကျောင်းဆင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အတွက် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) ကျောင်းဆင်းအရာရှိမိသားစုများကောင်းမှု | ၄၁၀၀၀၀၀ |
| ၈၉၀၁။ | ဒေါ်သောင်းသောင်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၉၀၂။ | ကွယ်လွန်သူမိဘများနှင့်ဇနီး ဒေါ်ခင်လေးမြင့် (သား)မောင်ဖိုင်းနော်ခမ်း(ခေါ်)ကိုဂျမ်ဘိုတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၉၀၃။ | ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီး ဦးဗသိန်းနှင့် မိခင်ကြီး ဒေါ်အေးကြည်၊ ကြီးတော်ကြီး ဒေါ်သန်းတင်၊ တူကြီး ဦးအောင်သွေးဦး၊ တူလေးမောင်ဝေယံမော်တို့အား ရည်စူး၍ ဒေါ်နိုးနိုးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၉၀၄။ | ဦးထိန်လင်းနှင့်ဇနီး ဒေါ်လှလှဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၉၀၅။ | ကွယ်လွန်သူဦးကံညွန့်အားရည်စူး၍ ဒေါ်အေးစိန် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၉၀၆။ | ဒေါ်မြငွေမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၉၀၇။ | ဦးစိုင်းကျော်သူရနှင့်ဇနီး ဒေါ်မေဖြိုးဝေမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၉၀၈။ | ဦးစံရွှေမောင်နှင့်ဇနီး ဒေါ်တင်ဝင်း၊ ကိုစံညိုဝင်းနှင့်ဇနီး မခင်နှင်း၊ မအေးသီရိစံမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၉၀၉။ | ဒေါက်တာနှင်းဦးလွင်(အင်္ဂလန်နိုင်ငံ)ကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၀။ | ဒေါ်မြစိန်ကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၁။ | ကွယ်လွန်သူရဲမှူးကြီးမိုက်ကယ်လှမြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၂။ | ဦးထွန်းလှနှင့် ဒေါ်တင်အေးကြည်တို့အားအမှူးထား၍ ဦးကြည်မင်းအောင်နှင့်ဇနီး ဒေါ်မွန်မွန်အေး၊ (သား)မောင်ဟိန်းဝေအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၃။ | ကွယ်လွန်သူဦးကျော်ဆန်းနှင့် ဒေါ်တင်လှတို့အား ရည်စူး၍ ဦးနော်လေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၄။ | ဒုတိယဗိုလ်မှူးကြီးဇေယျာမင်းနှင့်ဇနီး ဒေါ်စန်းစန်းလှိုင်၊ မောင်သွင်ထူးအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၅။ | ဦးအုန်းနှင့်ဇနီး ဒေါ်စန်းညွန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၆။ | ကိုထူးအောင်လင်းနှင့်ဇနီး မဆွေဆွေဇင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၇။ | ဦးပြည်စိုးနှင့်ဇနီး ဒေါ်ကြင်ကြင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၈။ | ဦးသောင်းနှင့်ဇနီး ဒေါ်တင်မိုးခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၉။ | ကွယ်လွန်သူမိခင်ကြီးဒေါ်မြနန်းရီအားရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၂၀။ | ဦးစန်းယုနှင့်ဇနီး ဒေါ်ကြူကြူသင်းမိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၂၁။ | ဦးချစ်သိန်းနှင့်ဇနီး ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၂၂။ | ကွယ်လွန်သူဦးစိန်ဝင်းနှင့် မိခင်ကြီးဒေါ်ခင်စန်းဝင်းတို့အား ရည်စူး၍ ဦးသက်ကိုကိုကျော်နှင့်ဇနီး ဒေါ်ဇင်မျိုးဆွေ၊ (သမီး)မမေဘုန်းမြတ်၊ မအေးဘုန်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၂၃။ | ဦးကြိုင်စန်းရွှေနှင့်ဇနီး ဒေါက်တာခင်ဝင်းစိန်၊ (သား)မောင်သီဟရွှေ (သမီး)မအေးသီတာရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၂၄။ | ဦးကျော်ကျော်အောင်နှင့်ဇနီး ဒေါ်ခင်သန်းအေး၊ မောင်ကျော်ခန့်သူမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၈၉၂၅။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်သီသီ၊ (သမီး)မမြင့်ဇူသန်းဝင်း၊ (သား)မောင်ဘုန်းမြတ်ဇေယျာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၂၆။ | ကွယ်လွန်သူဒေါ်ခင်ဆန်းမော်အားရည်စူး၍ ဦးဇော်မင်းဆွေ (သမီး)မငွေသော်တာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၂၇။ | ကွယ်လွန်သူဖခင်ဦးသန်းကျော်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၂၈။ | ဦးဇော်ဇော်လင်းနှင့်ဇနီး ဒေါ်ဆင့်ဆင့်ထွန်းမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၈၉၂၉။ | ဦးထွန်းထွန်းလင်းနှင့်ဇနီး ဒေါ်စန်းသော်တာဝန်းမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၈၉၃၀။ | ကွယ်လွန်သူဖခင်ကြီးဦးပြေသိန်းအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၃၁။ | ဦးကံငွေးနှင့်ဇနီး ဒေါ်စောညိမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၃၂။ | ဦးမောင်မောင်နှင့်ဇနီး ဒေါ်စံပယ်၊ (သား)မောင်သီဟကျော်စောမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၃၃။ | ဦးအောင်စန်းဝင်းနှင့်ဇနီး ဒေါ်ချိုခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၃၄။ | ဦးရင်မောင်ဆန်းနှင့်ဇနီး ဒေါ်ဖြူဖြူမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၃၅။ | ဖခင်ဦးကိုကြီးနှင့် ဒေါ်ပိုပိုမြတ်ကိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၃၆။ | ဦးသက်ဇော်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၃၇။ | ဒေါ်နှင်းကေသွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၃၈။ | ဦးလှိုင်းမောင်မောင်နှင့်ဇနီး ဒေါ်ကြည်ကြည်ခိုင်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၈၉၃၉။ | ကိုအောင်ကိုဝင်းနှင့်ဇနီး မဇင်မာနွယ်၊ (သမီး)မမြတ်ကြယ်ဇင်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၄၀။ | ဦးနန္ဒလွင်နှင့်ဇနီး ဒေါ်အိအိထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၄၁။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးသောင်းကျော်ရှိန်းနှင့်ဇနီး ဒေါ်ကေသီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၄၂။ | ဒေါက်တာချမ်းငြိမ်းစိုးနှင့်ဇနီး မသီရိစန္ဒာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၄၃။ | မနန်းခမ်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၄၄။ | ဦးအောင်ဌေးနှင့်ဇနီး ဒေါ်လှလှရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၄၅။ | ဦးအုန်းသော်နှင့်ဇနီး ဒေါ်ကြင်မေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၄၆။ | ဦးသန်းမောင်နှင့်ဇနီး ဒေါ်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၄၇။ | ဦးစောဦးနှင့်ဇနီး ဒေါ်တင်တင်မော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၄၈။ | ဦးသိန်းဦးနှင့်ဇနီး ဒေါ်ချိုချိုငြိမ်း၊ (သား)မောင်သက္ကရာဇ်ငြိမ်းစေဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၄၉။ | ဦးစောမြတ်အောင်နှင့်ဇနီး ဒေါ်ခင်လေးမြင့်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၈၉၅၀။ | ကွယ်လွန်သူမိဘနှစ်ဖက်အားရည်စူး၍ ဒေါ်အေးအေးမွန်၊ ဒေါ်ခင်မျိုးလွင်နှင့် ဒေါ်မေစုလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၅၁။ | ဦးထွန်းရီနှင့်ဇနီး ဒေါ်ကြည်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၅၂။ | ဦးမျိုးဦးနှင့်ဇနီး ဒေါ်ဖူးမြတ်ပြည့်စုံမိသားစု ကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ဝ၉-၆၆၄၀၀၀၀၄၁၊ ဝ၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ဝ၉-၄၂၉၇၂၂၅၄၈၊ ဝ၉-၂၅၅၈၂၅၂၁၆


**ဖခင်အမည်မှန်**

မအူပင်မြို့နယ်၊ ထရော်ပေကုန်းအုပ်စု၊ သပြုဆိပ်ကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း Grade-5နှင့် Grade-1 တွင် ပညာသင်ကြားနေသော မောင်ဖွဲ့ပြည့်ဖြိုးနှင့် မောင်ဖွဲ့လင်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဖြစ်ပါသည်။

ဦးထွန်းထွန်း

**အမည်မှန်**

ဒဂုံဆိပ်ကမ်းမြို့နယ်နေ အဖ ဦးထွန်းလင်း [၁၂/သဃက(နိုင်)၁၁၅၀၆၀]၏ သမီး အမည်မှန်မှာ မခင်ဖြူသန့်[၁၂/ဒဂဆ(နိုင်)၀၀၄၂၅၈] ဖြစ်ပါကြောင်း။

မခင်ဖြူသန့်

**"ပြင်ဆင်ဖတ်ရှုပါရန်"**

၁၄-၅-၂၀၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၁)တွင် ဒေါ်အေးပွင့်ဖြူ(တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်ခင်အေးကြည် အမည်အား ဒေါ်ခင်မေကြည် အမည်ဖြင့် ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

**"ပြင်ဆင်ဖတ်ရှုပါရန်"**

၂၀-၅-၂၀၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၉)တွင် ဒေါ်အင်ကြင်းခိုင် အထက်တန်းရှေ့နေ၏ "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"တွင် တိုက်အမှတ်(၉၈)အား တိုက်အမှတ်(၉-က)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

**အမည်ပြောင်း**

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အမှတ်(၃၅၂)၊ နတ်စင်လမ်းနေ (ဘ)ဦးအောင်ချမ်းငြိမ်းသူ [၈/ပဖန(နိုင်)၀၇၉၀၈၀]၏ သမီး မလင်းရတီငြိမ်းအား ယနေ့မှစ၍ မရှင်ယွန်းအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဖခင် တစ်ဦးတည်းဖြစ်ကြောင်း**

မြစ်ကြီးနားမြို့၊ အထက(၁)၊ Grade-4 မှ မောင်ဖူယောဆက်၏ဖခင် ဦးကောင်းမြတ်စိုး(ခ) ဦးကောင်းမြတ် (ခ)ဒေါ်မိနစ် [၂/ဒမဆ(နိုင်)၀၇၂၆၄၈]သည် တစ်ဦးတည်းဖြစ်ပါသည်။

**ပတ်စ်ပို့ပျောက်**

ကျွန်မ မစန်းစန်းထွေး [၁/မကတ(နိုင်)၁၅၉၇၃၅]၏ ပတ်စ်ပို့နံပါတ် (ME-307585)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-400003572

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၁၆၈) ဖြစ်သည့် အမှတ်(၁၆၈)၊ ပတ္တမြားလမ်း၊ (၃၅)ရပ်ကွက်ဟုခေါ်တွင်သော ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ဦးမောင်မောင်လွင်[၁၀/ခဆန(နိုင်)၀၇၃၈၄၅] အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**Ph: 09–43114141, 09–400101414**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၁၄၁၁/က)၊ ရွှေယင်းမာ(၂)လမ်းဟုခေါ်တွင်သော (၂၀'x၆၀') အကျယ်ရှိ ပါမစ်မြေကွက်မှာ ဦးတင်ဝင်း(HGU–၁၂၀၉၀၆) အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ယခုရောင်းချသူမှ ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်နိုင်ဦး [၇/ဝမန(ပြု)၀၀၀၀၃၇]မှသာ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**Ph: 09–43114141, 09–400101414**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘဝလွတ်မြောက်ရေးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂၇)၊ မြေကွက်အမှတ် [ဘုရားကုန်းအဆင့်(၁)] ဟုခေါ်တွင်သော အကျယ်အဝန်းအားဖြင့် အလျား(၄၀)ပေ၊ အနံ(၆၀)ပေ ကျယ်ဝန်းသော မြေအမျိုးအစား(ပါမစ်မြေ)၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပါမစ်မြေအမည်ပေါက် ဦးမြသိုင်းနှင့် ဒေါ်တင်ရွှေ အမည်ပေါက်မှ ကွယ်လွန်သူ ဒေါ်တင်ရွှေ၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ခင်ပွန်းဖြစ်သူ ဦးဝင်းလွင်[၁၂/သလန(နိုင်)၀၁၂၆၂၇]မှ ပါမစ်မူရင်းနှင့်တကွ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအား လက်ရှိလက်ဝယ်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်စိုးထွန်းမှ အပြီးအပိုင်ဝယ်ယူပြီး ဂရန်အမည်ပေါက် ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုကြော်ငြာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော (မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ထိုမြေကွက်၏ အကျိုးခံစားခွင့်တို့အား အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲနုဝင်း LL.B,D.B.L**
**အထက်တန်းရှေ့နေ (စဉ်–၄၅၅၇၇/၂၆–၁–၂၀၀၅)**
**အမှတ်– ၆၀ (B–2)၊ သီရိလမ်း၊ ၂–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၅၀၀၄၆၆၈၆၊ ၀၉–၄၀၁၁၅၄၆၀၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ တိုက်(၉)၊ အခန်း ၁၀၂၊ နှင်းဆီကုန်းအဆင့်မြင့်အိမ်ရာနေ ဦးအောင်မိုး၏သမီး မဝါဝါဝင်း(ခ)ဝါဝါထက် [၁၂/သဃက(နိုင်)၂၀၀၁၃၁]သည် မိဘညီအစ်ကိုမောင်နှမများကို အကြိမ်ကြိမ် စိတ်ဆင်းရဲဒုက္ခဖြစ်အောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ မိသားစုအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မိုး**
**[၁၂/သဃက(နိုင်)၁၄၀၂၀၆]**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ တိုက်အမှတ်– ၄၈၊ (၃–လွှာ)၊ (၁၂ပေx ၅၀ပေ) တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသည်ဟုဆိုသူ ဦးသိန်းကျော်အောင် [၁၂/ဗတထ(နိုင်)၀၀၁၆၄၈]ထံမှ ကျွန်ုပ် ဒေါ်ဝင်းဝင်းနွယ် [၁၄/လမန(နိုင်)၀၆၈၀၁၅]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကို ဦးသိန်းကျော်အောင်မှ လက်ခံရယူထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းနွယ်**
**ဖုန်း– ၀၉–၇၇၅၂၈၇၃၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ–၁)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်–(၁၁၂/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးထွန်းရှိန် (CF–၁၀၅၉၂၆) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးပိုက်ခြို (TKA–၀၈၂၁၅၃)မှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေမျိုး [၁၂/ဗဟန(နိုင်)၀၁၆၆၇၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝေမျိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သူဇာအောင် (LL.B,D.I.L,D.B.L, Dip in HR)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၅၀)**
**အမှတ်–၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၆၉၂၂၂၀၁၀၀၊ ၀၉–၉၄၆၉၄၆၃၂၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ် (၂၄၅)၊ မြေပေါ်ရှိလွှာချင်း၊ (၆)ထပ်တိုက်၏ (မြေညီထပ်/ထပ်ခိုးပါ)၊ (အလျားxအနံxအမြင့်) (၂၃ပေx ၄၇ပေx ၁၇ပေ)ခန့် အကျယ်အဝန်းရှိ ရေမီးစုံတိုက်ခန်း (၁)ခန်း၊ ယင်းတိုက်ခန်းတည်ရှိရာ ရှေ့၊ နောက်၊ ဝဲ၊ ယာ ရာသက်ပန်မြေအသုံးပြုခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရောက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသည့် ဒေါ်တင်တင်နွဲ့ [၉/ပဘန(နိုင်)၀၀၅၆၂၄] ပါ (၅)ဦးတို့မှ ရောင်းချလိုပါကြောင်း အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းအေး[၁၂/ဒပန(နိုင်)၀၀၁၀၈၃]မှလည်း အပြီးအပိုင်ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဦး အထက်တန်းရှေ့နေ(စဉ်–၄၄၄၉၄)**
**အမှတ် (၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း– ၀၉–၉၆၁၆၀၆၀၆၁**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၄–ကံဘဲ့)၊ မြေကွက်အမှတ်–(၁၆)၊ ဧရိယာ (၀.၁၂၆ဧက)အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး [အရပ်ခေါ်အားဖြင့် အမှတ်(၂၁)၊ ဘိုးရာဇာ(အရှေ့)လမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့]တို့သည် ၁။ ဒေါ်ခင်ဆွေဆွေကြူ [၁၂/ဥကတ(နိုင်)၀၆၀၂၀၈] ၂။ ဒေါ်ခင်နွယ်နွယ်ကြူ [၇/သနပ(နိုင်)၀၅၃၇၅၁] ၃။ ဒေါ်ခင်စိုးစိုးကြူ [၅/ဝလန(နိုင်)၀၀၀၄၅၇] ၄။ ဒေါ်ခင်မျိုးမြင့်ကြူ [၁၂/ကမရ(နိုင်) ၀၃၅၉၇၃] ၅။ ဦးမိုးမြင့်ကြူ [၃/ဖပန(နိုင်)၀၀၃၃၃၂] ၆။ ဒေါ်ခင်စောမြတ်ကြူ [၁၂/ရကန(နိုင်)၀၅၁၄၇၃] ၇။ ဒေါ်ခင်ဖုန်းမြင့်ကြူ [၁၂/ရကန(နိုင်)၀၅၁၄၈၂]တို့ (၇)ဦးအမည်ဖြင့် တည်ရှိလျက်ရှိပြီး၊ ဒေါ်ခင်ဆွေဆွေကြူသည် (၆–၁၁–၂၀၂၀)ရက်နေ့တွင် ကွယ်လွန်ခဲ့ရာ ဒေါ်ခင်ဆွေဆွေကြူ၏ တရားဝင်ခင်ပွန်းဖြစ်သူ ဦးအောင်သိန်း (ဘ) ဦးညွန့်မောင် [၁၂/ဥကတ(နိုင်)၀၆၀၂၁၀]က ဒေါ်ခင်ဆွေဆွေကြူ၏ ပိုင်ဆိုင်ခွင့်အစုအား အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ယခုအခါ ဦးအောင်သိန်းနှင့်တကွ ကျန်အမည်ပေါက် (၆)ဦးတို့မှ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးရန်နိုင်ဟိန်း (LL.B)** | **ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၇၈၉၃)** | **(စဉ်–၁၈၃၂၇)** |

**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၀၄၂၀၈၇၁၊ ၀၉–၇၉၂၂၃၀၀၃၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန်း [၁၂/သဃက(နိုင်)၁၁၃၅၉၃]၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ စံချိန်သစ်လမ်း၊ အမှတ်– (၁၂/၈၅)နေ ဒေါ်အေးသန်း [၁၂/သဃက(နိုင်)၁၁၃၅၉၃]နှင့် ဦးစောမြင့်(ကွယ်လွန်)တို့၏ သမီးဖြစ်သူ မဝါဝါသူ [၁၂/သဃက(နိုင်)၁၄၁၈၉၄]သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏ စိတ်ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး အဆက်အသွယ်ပြုလုပ်ခြင်းမရှိတော့သည့်အပြင် ၎င်း၏ပြုလုပ်မှုကြောင့် မိခင်ဖြစ်သူမှာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရသည့်အတွက် ဤကြေညာပါသည့်နေ့မှစ၍ ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် မိသားစုဝင်များနှင့် မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန်း၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မေသဉ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်– ၁၄၅၉၈)** | **(စဉ်–၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၁၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၈၅၊ မြေကွက်အမှတ်–၁၂၉၄၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား – နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၂၉၄)၊ ဘုရင့်နောင်လမ်း၊ ၈၅–ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်တင်မိုးခိုင် (ဘ) ဦးဟိန်းမောင် [၁၂/သကတ(နိုင်)၁၃၈၁၈၄] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ (၅–၁၀–၂၀၂၃)ရက်စွဲပါ မြေကွက်အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်အရ ဦးဇော်မိုးခိုင် [၁၄/ဝခမ(နိုင်) ၁၃၀၄၃၆] က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးနေလင်းထွန်း** | **ဦးကောင်းမြတ်ဇော်** |
| **အထက်တန်းရှေ့နေ (စဉ်–၅၀၉၅၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၉၂)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာအုပ်စု၊ ရခိုင်ရိုးကြီးကျေးရွာတွင်နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်မာဦး [၁၄/ဘကလ(နိုင်)၂၀၃၁၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးသိန်းဇော်တို့သည် (၂၅–၁၁–၂၀၁၈)ရက်နေ့မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပြီး သမီး (၁)ဦး ထွန်းကားခဲ့ပါသည်။ ဦးသိန်းဇော်သည် ၎င်း၏သဘောဆန္ဒအလျောက် (၂၀၂၃) ခုနှစ်၊ (၁၁)လပိုင်းမှစ၍ နေအိမ်မှဆင်းသွားခဲ့ပြီး ယခုအချိန်အထိ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ၎င်း၏သမီးဖြစ်သူတို့ထံ အဆက်အသွယ်တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးသိန်းဇော်တို့သည် ၎င်းနေအိမ်မှ ဆင်းသွားသည့်အချိန်မှစ၍ ဆက်သွယ်ပတ်သက်ခြင်းမရှိတော့ပါသောကြောင့် ဦးသိန်းဇော်ပြုလုပ်ခဲ့သည့်ကိစ္စရပ်များနှင့် နောက်နောင်ပေါ်ပေါက်လာမည့် မည်သည့်ကိစ္စကိုမျှ ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အုံးအုံး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၁၀၆)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၅၈၇၇၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(အေးသာယာရပ်ကွက်)၊ ဗဟို(၁၇)လမ်း၊ အမှတ် (H–39)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးမွတ်တား အမည်ပေါက် စလစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ရွှေ[၁၂/ကတန(နိုင်)၀၇၃၆၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေးသီတာညွန့်[၅/ရဘန(နိုင်)၁၃၂၉၄၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင့်ရွှေစင် (LL.B, LL.M) အထက်တန်းရှေ့နေ(စဉ်–၅၃၀၀၇)**
**ပျဉ်ထောင်ကျောင်းကျေးရွာ၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ သန်လျင်မြို့။**
**ဖုန်း– ၀၉–၄၄၅၈၆၀၁၆၀၊ ၀၉–၆၆၉၉၇၅၀၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၂. Z၁၊ မြေကွက်အမှတ်– ပဥ္စမတန်းစား– ၁၁၁၊ မြေကွက်တည်နေရာအမှတ်– ၄၂၊ ၁၄–လမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ် ၁။ ဒေါ်ဝါဝါသောင်း(ခ) ဒေါ်ခင်စုမေသောင်း [၁၂/လမတ (နိုင်)၀၀၄၄၂၉]၊ ၂။ ဒေါ်ခင်ခင်ရှိန်(ခ) ဒေါ်ခင်စန္ဒီထွန်း [၁၁/ကဖန(နိုင်)၀၀၃၇၄၉]၊ ၃။ ဒေါ်နီလာရှိန် [၁၂/လမတ(နိုင်)၀၀၄၇၆၇]၊ ၄။ ဒေါ်ဥမ္မာသောင်း [၁၂/လမတ(နိုင်)၀၀၄၂၀၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ဝါဝါသောင်း (ခ) ဒေါ်ခင်စုမေသောင်းသည် (၁၈–၁၂–၂၀၀၆)တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ခင်ပွန်းဖြစ်သူ ဦးဇော်ဝင်း [၁၂/လမတ(နိုင်)၀၀၄၈၁၃]မှ ခင်ပွန်းဖြစ်ကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက် (၃)ဦးနှင့်အတူ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ ဦးအောင်မြင့်သောင်းမှ ၂၀၁၈ ခုနှစ်တွင် ကန့်ကွက်ခဲ့သော ကန့်ကွက်စာအား (၂၄–၁–၂၀၂၄)ရက်စွဲပါ စာအမှတ်– ၁၀၂၆ အရ ရုပ်သိမ်းကြောင်းနှင့် ဦးဇော်ဝင်းသည် ဒေါ်ဝါဝါသောင်း(ခ)ဒေါ်ခင်စုမေသောင်းအပြင် ဒုတိယဇနီး– ဒေါ်စန်းစန်းငယ်ကို ထပ်မံပေါင်းသင်းနေထိုင်ခဲ့ကြောင်း တင်ပြလာပါသည်။ ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တစ်ထပ်ပျဉ်ထောင်အိမ်ရှိပြီး သော့ပိတ်ထားခြင်းအား လျှောက်ထားသူများကိုယ်တိုင်မှသော့ဖွင့်ပြသပြီး ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည် ဖြစ်ပါကြောင်း ကွင်းဆင်းချိန်တွင် လက်မှတ်ရေးထိုးပေးပြီး ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**(ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ ဗိုလ်စောအောင်လမ်း၊ ဗိုလ်ချုပ်ရေနံစက်ကွင်း နံပါတ်– ၂၅၊ ဦးပိုင်အမှတ် (၂၅/က)၊ ဧရိယာ (၆၄.၅၈)ဧကရှိ အစိုးရလုပ်မြေအတွင်းမှ မြေပုံတွင် "က"အမှတ်ပြနေရာ (၀.၀၆၈)ဧကရှိမြေကွက်အမှတ် (က/၀/၁၂၁)၊ အလျား (၄၀)ပေx အနံ (၇၄)ပေရှိ ဦးစံရီ အမည်ပေါက်သော (၁၀)နှစ် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လူနေအိမ် အဆောက်အဦ**အား ဦးညွှန့်အောင် (ဘ) ဦးစံရွှေ [၁၂/ဗတထ(နိုင်)၀၀၃၆၆၃] ကိုင်ဆောင်သူ၏ ဇနီး ဒေါ်မြမြဝင်း [၁၂/ဗတထ(နိုင်)၀၀၃၆၆၀]မှ မြေအမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေများမှ ဝယ်ယူရန် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အိမ်ခြံမြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်မင်းထက်လွင်၊ ဒေါ်အေးမြတ်မွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၂၅၀)**
**အမှတ်(၉/၁၁)၊ ၂၀၂/E၊ ဒုတိယထပ်၊ ၃၆–လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၁၃၇၆၇၃၊ ၀၉–၉၈၀၀၅၆၅၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ တိုက်(၃)၊ အခန်း ၂၀၆(က) ဒုတိယထပ်၊ အိုးအိမ်လူနေတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မိခင် ဒေါ်ရင်အေး [၁၂/တမန(နိုင်)၀၂၈၀၉၂]မှ တိုက်ခန်း အမည်ပေါက်ပိုင်ဆိုင်ပြီး မိခင်ကွယ်လွန်သွားသည့်အတွက် သားသမီးများဖြစ်သော သမီးကြီး ဒေါ်သိင်္ဂီအောင် [၁၂/သဃက(နိုင်)၁၈၁၂၀၂]၊ သား ဦးအောင်ကိုကို [၁၂/တမန(နိုင်)၀၂၈၀၃၂]၊ သား ဦးမျိုးမင်းဝင်း (ခ) မင်းမင်းအောင် [၁၂/တမန(နိုင်)၀၉၅၁၂၂]တို့မှ အမွေဆက်ခံပိုင်ဆိုင်လာပြီး ၎င်းတို့လက်ဝယ်တွင်ရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ယင်းတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအေးဖေ(L.L.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၅၇/၂၀၀၇)**
**တိုက်(၂၆/၄)၊ အခန်း(၁၀၂)၊ သုနန္ဒာ(၁)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း–၀၉–၅၀၆၃၁၂၀၊ ၀၉–၄၄၃၀၀၄၅၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန
## ရုံးအမှတ်(၅၂)၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနအတွက် ဝယ်ယူမည့် ဝယ်ယူရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၅-၆-၂၀၂၄ ရက်နေ့မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၆-၂၀၂၄ ရက်နေ့ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာမှာ ရုံးအမှတ်-၅၂၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ နေပြည်တော်တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ရုံးအမှတ်-၅၂၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်များကို ရုံးအမှတ်-၅၂၊ နေပြည်တော်၊ ဖုန်းနံပါတ်-၀၆၇-၃၄၃၀၁၇၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့မှ ထုတ်လုပ်သောဆေးဝါးများအား ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့သို့ Door to Door စနစ်ဖြင့် ပေးပို့ရန်အတွက် ကုန်တင်ယာဉ်(၁၂)ဘီးယာဉ်၊ (၆)ဘီးယာဉ်များ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်-

| | | |
|---|---|---|
| (ခ) | တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်/အချိန် | - (၂၄-၅-၂၀၂၄)ရက်နေ့ ညနေ(၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - ကြိုတင်ကြေညာပါမည်။ |
| (ဃ) | တင်ဒါတင်သွင်းရမည့်နေရာ | - မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း |
| (င) | ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - ၀၆၇-၃၄၀၈၁၄၉ ၀၆၇-၃၄၀၈၃၈၁ |

၂။ တင်ဒါလျှောက်လွှာများကို မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)၊ ရောင်းချဖြန့်ဖြူးရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာ အမှတ်(၃)ရပ်ကွက်နေ အမိ ဒေါ်သိန်းသိန်းရီ [၆/ရဖန(နိုင်)၀၁၅၁၆၉] ၏ သမီး မဆုထက်ထက်လှိုင်အား မစုမြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

သန်လျင်မြို့နယ် (TTEC-ကိုယ်ပိုင်အထက်တန်းကျောင်း) Grade-5 အောင်မြင်ပြီး ဦးကျော်လွင်၏သမီး မရတီထွဋ်အား ယနေ့မှစ၍ မရတီဖူးမြတ်ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မရတီဖူးမြတ်**

## အမည်ပြောင်း

လှိုင်မြို့နယ် Y.R.E.C ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4 မှ ဒေါ်သီရိဖြိုး၏သမီး မပြည့်ရတနာကျော်အား မမိုးသက်နန္ဒီဟု ခေါ်ဆိုကြပါရန်။

**မမိုးသက်နန္ဒီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နဂါးနီ(၁)လမ်း၊ အမှတ်(၂၉)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ၊ ၅ထပ်ခွဲတိုက်၊ ပထမထပ် (A)၊ ခေါင်းရင်းခန်း ပေ(၁၂½ x ၅၀)ကျယ် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှဝင်း [၁၂/လသန(နိုင်)၀၀၂၂၆၈] ထံမှ ဒေါ်ဝေလဲ့နွေ[၆/ရဖန(နိုင်)၀၇၅၀၄၀]က ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုး (စဉ်-၇၁၉၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၃/၂)၊ ၃ လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၄၃၆၈၈၊ ၀၉-၄၄၃၀၀၈၂၇၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၇၇၇) ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ ၂-လွှာ(ပထမထပ်)(ခြေရင်းခန်း)အကျယ်အဝန်း(၁၉ ပေ x ၅၆ ပေ) ရှိ အခန်းအမှတ်(B-၂)ဟုခေါ်တွင်သော တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်ကေခိုင်ကြည်မြ [၁၂/မရက(နိုင်)၁၁၂၀၂၁] ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေကမ်းလှမ်းထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးသတ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ**
**ဒေါ်နန်းသူဇာအောင်**
**[၁၃/မဆတ(နိုင်)၀၂၈၆၇၇]**
**ဖုန်း-၀၉-၇၅၀၂၃၀၄၆၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၁၀၆၆)၊ (အလျား ၄၀ ပေ x အနံ ၆၀ ပေ)အကျယ်အဝန်းရှိ ဦးကျော်မြအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးနိုင်ဝင်း[၁၂/ဒဂတ(နိုင်)၀၂၉၇၇၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932, 09-983837110** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ တိုက်အမှတ်(၁၇)၊ အခန်းအမှတ်(၃)၊ မြေညီထပ်၊ ရေမီးအစုံအလင်ပါသောအခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ပိုင်ရှင်ဒေါ်အေးအေးအောင် မှတ်ပုံတင်အမှတ် [၁၂/ပဇတ(နိုင်)၀၁၀၂၁၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် နှစ်ဦးနှစ်ဖက်သဘောတူပြီးဖြစ်ပါ၍ အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းနိုင် (B.A, H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၄၄၆)**
**အမှတ်(၃၁)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

## "အများသိစေရန်နှင့် သတိပေးတားမြစ်ချက်"

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အမှတ်-၃၉၇၊ မင်းရဲကျော်စွာ(၃)လမ်းရှိ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၃၉၇၊ ဧရိယာ-၂၅ ပေ x ၅၀ ပေ၊ နှစ်(၆၀)ဂရန်မြေပေါ်တွင် မူလဂရန်အမည်ပေါက် ဦးစိန်ငွေ[၁၂/ဒပန(နိုင်)၀၂၄၂၆၅]၏ (၂၀-၂-၂၀၁၄)ရက်စွဲပါ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအရ လွှဲအပ်ရရှိပြီးနောက် ဒေါ်တင်တင်ခိုင်(ခ)တာဟေရာ[၁၃/တယန(နိုင်)၀၁၄၂၃၈] က ထိုမြေကွက်ပေါ်တွင် နှစ်ခန်းတွဲကန်ထရိုက်စနစ်ဖြင့် ခြောက်ထပ်တိုက်ဆောက်ရန် (၁၅-၁-၂၀၂၂)ရက်နေ့က ဦးလှမြင့်(Six Brothers)[၁၂/တမန(နိုင်)၁၁၃၃၂၂]၊ အမှတ်-၈၁၊ ၁၂၅-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခဲ့ပါသည်။

ကန်ထရိုက်တာဦးလှမြင့်သည် ထိုအဆောက်အဦကို ပြီးစီးအောင် ဆောက်လုပ်ခြင်းမရှိသည့်အတွက် (၃၀-၄-၂၀၂၄)နေ့တွင် အပြီးအစီးအပ်နှံမည်ဟု ဝန်ခံကတိပြုခြင်း၊ (၁၈-၂-၂၀၂၄)နေ့တွင်လည်း ထပ်မံ၍ ကတိပြုခြင်းများပြုလုပ်ခဲ့သော်လည်း ယနေ့တိုင် ထိုအဆောက်အဦမှာ ကန်ထရိုက်တာက ပြီးစီးအောင် ဆောက်လုပ်နိုင်ခြင်းမရှိသည့်အပြင် တရားဝင်ဆောက်မိန့်လည်း ရယူထားခြင်းလည်းမရှိကြောင်း သိရှိရပါသည်။

ထိုအဆောက်အဦ၏ ကန်ထရိုက်တာရရှိသော "C" အမှတ်အသားပြ ဘက်ခြမ်း အခန်းများကို မြေရှင်(သို့မဟုတ်)ဒေါ်တင်တင်ခိုင်(ခ)တာဟေရာ၏ သဘောတူခွင့်ပြုချက်မပါဘဲ ကြိုတင်ရောင်းချထားကြောင်း သိရှိရပါသည်။

သို့ပါ၍ ကန်ထရိုက်တာဦးလှမြင့်နှင့် ချုပ်ဆိုထားသော သဘောတူစာချုပ်သည် ကန်ထရိုက်တာ၏ ပျက်ကွက်မှုကြောင့် ပျက်ပြယ်သွားပြီဖြစ်ပြီး ကန်ထရိုက်တာထံမှ အခန်းဝယ်ယူထားသူများသည် ကန်ထရိုက်တာဦးလှမြင့်နှင့်သာ ဆက်သွယ်ဆောင်ရွက်ရန်နှင့် မြေရှင်နှင့် ကိုယ်စားလှယ်စာရသူတို့က ထိုအခန်းရောင်းချခြင်းနှင့်ပတ်သက်၍ လုံးဝတာဝန်ယူမည်မဟုတ်ကြောင်းနှင့် မြေရှင်ဘက်မှထိုတိုက်ကို စည်ပင်သာယာလုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ဖြစ်ပေါ်လာသော တိုက်ခန်းများကိုလည်း မြေရှင်(သို့မဟုတ်)ကိုယ်စားလှယ်က လွတ်လပ်စွာ စီမံခန့်ခွဲမည်ဖြစ်ကြောင်း၊ တစ်စုံတစ်ရာကန့်ကွက်အရေးဆိုခြင်း မပြုလုပ်ရန် အများသိစေရန်နှင့် သတိပေးတားမြစ်လိုက်သည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **ဒေါ်တင်တင်ခိုင်(ခ)** | **ဦးရွှေလှိုင်တင်** | **ဒေါ်ခင်အေးလှိုင်** |
| **တာဟေရာ** | **BA,HGP,PGDL,DBL** | **LL.B, LL.M(Civil Law)** |
| | **စဉ်-၁၀၆၈၃** | **စဉ်-၁၂၂၀၈** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၁)၊(ပ)ထပ်၊ဘိုကလေးဈေးလမ်း၊**
**(၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၉၆၅၀၅၈၉၀၇၊**
**၀၉-၂၅၄၁၃၄၄၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၆-ဒီ)၊ မြေကွက်အမှတ်(၈ဘေ/၅-က)၊ ဧရိယာ( ၀.၂၀၀)ဧက၊ (အမှတ်-၃၀ L/၃)၊ အင်းယားလမ်းသွယ်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး) ဟုခေါ်တွင်သော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့အား တရားဝင်အမည်ပေါက်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း (ဘ)ဦးတင့်ဆန်း [၁၂/သကတ(နိုင်)၁၅၃၇၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ထိုမြေပိုင်မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ကို ကန့်ကွက်လိုသော အကျိုးသက်ဆိုင်ခွင့်ရှိသူဟုဆိုသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်သူရ (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၀၅/၂၀၁၄)**
**အမှတ်-(၃၃/ဘီ)၊ အင်းယားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၇၇၇၇၁၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(၁၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၉)၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်(၂၈၉/ခ)၊ ဧရိယာအကျယ်အဝန်းပေ(၂၀x ၆၀)ဟုခေါ်တွင်သည့် ဦးအောင်ဝင်းအမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သွပ်မိုး၊ ကျောက်ပြားကာ၊ ပျဉ်ခင်းအဆောက်အဦ(၁)လုံးနှင့် ရှေ့ခန်းတွဲ(၂)ခန်း၊ လျှပ်စစ်မီတာ၊ ရေမော်တာ စသည့်ရေမီးအစုံတို့ပါဝင်သော အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးအောင်ဝင်းအမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိလျက် ဦးအောင်ဝင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိထားသူ ဦးကျော်သူမိုးမှ ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် တကွ ဥပဒေနှင့်အညီ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသီရိမောင်[၈/မကန(နိုင်)၁၅၁၆၃၉]က ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မေသီရိမောင်** | **ဒေါ်စိမ့်စိမ့်သူ (LL.B)** |
| **[၈/မကန(နိုင်)၁၅၁၆၃၉]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၀၆/၂၀၁၇)** |
| | **အမှတ်-၂၁၇/က၊ ငွေပြည်သာယာလမ်း၊** |
| | **(၁၄)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၇၉၉၆၅၁၀၀၈** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ် (၅၈၈)၊ မြေကွက်တည်နေရာအမှတ်(၅၈၈)၊ ဗိုလ်ဂါမဏိလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက် ဦးတင်ဝင်း (၁) CF.၀၁၉၈၀၆၊ အမည်ပေါက် ပါမစ်မြေအား ဦးတင်ဝင်း (၁)ကွယ်လွန်၍ ဇနီးဒေါ်ကြည်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူသူ ဦးကျော်စွာဝင်း [၁၂/အစန(နိုင်)၀၀၀၄၈၅]၊ ဒေါ်သိမ့်သိမ့်ဇံ [၃/လဘန(နိုင်)၀၃၉၂၆၅] တို့မှ ပါမစ်အရောင်းအဝယ်စာချုပ် ပါမစ်အမည်ပေါက်၏ သေစာရင်း၊ နိုင်/ကတ်တို့ တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ဂရန်သစ် လျှောက်ထားခြင်းနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်မရှိကြော်ငြာ စာရွက်တင်ပြပြီး ဖြစ်ပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်တိုက်တစ်လုံးနှင့် တစ်ထပ်ပျဉ်ထောင်တစ်လုံးရှိပြီး လျှောက်ထားသူ နှစ်ဦးကိုယ်တိုင် နေထိုင်ပါသည်။ ကွင်းဆင်းသိရှိကြောင်း ကွင်းဆင်းဖောင်တွင် လက်မှတ်ရေးထိုးပေးပါသည်။ တင်ပြပါမစ်မူရင်းတွင် တံဆိပ်တုံးရိုက်နှိပ်ထားခြင်းမရှိသဖြင့် ပါမစ်မူရင်းခွဲ ရှာဖွေရာ မတွေ့ရှိပါ။ သို့ဖြစ်ပါ၍ ဦးကျော်စွာဝင်း + ၁ မှ ပါမစ်ရှိ ဂရန်သစ် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သစ်တော
## မှန်လျှင်
## အသုံးဝင်
## အစဉ်ထာဝရ
## ထိန်းသိမ်းကြ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ လူနေရပ်ကွက်အမှတ်-ယမုံနာ(၁)၊ မြေကွက်အမှတ်(က/၂၅) ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေအမျိုးအစား ဦးလှခင်[၁၂/ဒပန(နိုင်)၀၃၇၃၁၉] အမည်ပေါက်ဖြင့်ရှိသော အကျယ်အဝန်း (၂၅ x ၅၀)ပေ အနက်မှ (ခေါင်းရင်းခြမ်း) အကျယ်အဝန်း (၁၂.၅ x ၅၀)ပေ ရှိမြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဇော်[၁၂/သဃက(နိုင်)၀၄၅၂၁၃] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုမာ(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၀၇)**
**ဖုန်း-၀၉-၄၂၁၀၀၅၈၉၀**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းမည်ဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်(၃၃)နေ ဒေါ်ခင်စန်းရီ [၁၂/အလန(နိုင်)၀၃၀၆၇၅] မှ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၁၉)နေ ဦးမျိုးတင့် [၁၂/ကမတ(နိုင်)၀၄၉၁၃၉ ] ထံသို့ ရန်ကုန်မြို့မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၈-၄-၂၀၀၆ ) ရက်စွဲဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၁၄၈/၂၀၀၆) အား ရုပ်သိမ်းမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းရီ [၁၂/အလန(နိုင်)၀၃၀၆၇၅]**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့ နယ်၊ ၊ မြေတိုင်းရပ်ကွက်အမှတ် (တ/၄၁/၁၅ ရပ်ကွက်)၊ ပန်းခြံ(၂၂)၊ အောင်သိဒ္ဓိလမ်းသွယ်၊ မြေကွက်အမှတ် (၅၅၉/က နှင့် ၅၅၉/ခ) ဟုခေါ်တွင်သော မြေဧရိယာပေ(၂၀ x ၆၀) အကျယ်အဝန်းအသီးသီးရှိ ဒေါ်ဥမ္မာသိန်း [၁၂/ဒဂမ(နိုင်)၀၁၆၉၆၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်လွှဲပြောင်းခြင်းမှတ်တမ်းဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ယခုပိုင်ဆိုင်ထားသူ ဒေါ်ဥမ္မာသိန်းမှ ရောင်းချမည်ဖြစ်ကြောင်းကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှမြင့် [၉/မခန(နိုင်)၂၇၀၈၈၇] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ဌေးသန့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၁၁၄)**
**ဖုန်း-၀၉-၂၅၀၃၇၅၉၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၁/က)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-(၃၂)၊ လူနေရပ်ကွက်(-)၊ မြေကွက်အမှတ်(၁၂/ခ-၉)၊ ဧရိယာ(၀.၂၅)ဧကရှိ မြေပိုင်မြေ(လ/န-၃၉) ရပြီး မြေအမျိုးအစားမြေကွက်နှင့် အဆောက်အဦအပါအဝင်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးစောထွန်း[၁၂/မရက(နိုင်)၀၆၆၂၀၆]+(၄)တို့၏ အမည်ဖြင့်မှတ်သားတည်ရှိပြီး၊ အဆိုပါမြေကွက်ကြီး၏ တရားဝင်မခွဲစိတ်ရသေးသည့် ဧရိယာဦးစောထွန်း+(၃)တို့ ရရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော(အလျား-ရှေ့၈၂ပေx အလျား(နောက်)၈၁ပေx(အနံ)၉၃ပေ)ခန့်ရှိမြေကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော မြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ရောင်းချသူများထံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုသဲမေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)**
**ဖုန်း-၀၉-၄၂၁၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁-လမ်း၊ အမှတ် (၁၆၃) ဟုခေါ်တွင်သည့်အဆောက်အဦရှိ အကျယ်အဝန်း- မျက်မြင်အခြေအနေအတိုင်းရှိသော ၄-လွှာ (လက်ဝဲဘက်ခြမ်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးလှဖေ [၁၂/ဗတထ(နိုင်)၀၂၈၉၆၄]ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**(၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၆၀၆၀၇**

## ရခိုင်ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ပုတ်ပြတ် (Turn Key) စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ တယ်လီဖုန်းအမှတ် ၀၉-၅၆၈၀၆၃၅၊ ၀၄၃-၂၀၂၂၅၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - ၂၃-၅-၂၀၂၄ ရက် |
| (ခ) | တင်ဒါလျှောက်လွှာရောင်းချမည့်နောက်ဆုံးရက် | - ၆-၆-၂၀၂၄ (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် | - ၁၀-၆-၂၀၂၄ (၁၂:၀၀)နာရီ |
| (ဃ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ | - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ကမ်းနားလမ်းနှင့် အကောက်ရုံလမ်းထောင့်၊ ကျေးပင်ကြီးရပ်ကွက်၊ စစ်တွေမြို့ |

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပေ(၅၀)လမ်း၊ တိုက်အမှတ်(၄၇-A)၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ (ဒုတိယထပ်/၃-လွှာ-ဝဲ) တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သိန်းသိန်းအေး [၁၂/ကမရ(နိုင်)၀၀၈၅၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊ကြို့ကုန်းအနောက်ရပ်ကွက်၊ရွက်လှလမ်းသွယ်(၂)လမ်း၊အမှတ်(၄၃၆/အေ)ရှိ မျက်နှာဝ(၁၀)ပေ၊အနောက်မျက်နှာဝ(၁၃)ပေ၊ရှေ့နောက်(၃၂)ပေရှိမြေကွက်(ပါဝါမီတာအပါ)နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကိုဦးကျော်မင်းသူ(၁၁/မအန(နိုင်)၀၂၄၄၅၃)မှဝယ်ယူပိုင်ဆိုင်ပါကြောင်း၊အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်းဝန်ခံသဖြင့်ဒေါ်သင်းဝေအောင်(၁၂/အစန(နိုင်)၁၉၃၅၈၄)သည်(၂၀.၅.၂၀၂၄)ရက်စွဲပါ''နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ်'' ချုပ်ဆို၍ငွေအပြေအကျေပေးချေပြီးဝယ်ယူပိုင်ဆိုင်၍လက်ရောက်လွှဲပြောင်းရရှိထားပြီးဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်ချောစု(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၈)
ဖုန်း ၀၉-၄၂၅၂၇၆၅၇၇၊ ၀၉-၉၇၃၂၅၉၀၅၇

## တိုက်ခန်းပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ အမှတ်-၁၃၄၀၊ အခန်းအမှတ်-၄(အေ)နေ ဒေါ်စိုးမြင့်မူ [၇/ပမန(နိုင်)၁၁၆၅၇၂]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးမြင့်မူသည် ဦးအောင်တင်ဝင်း[၈/မထန(နိုင်)၀၉၃၅၁၄]နှင့်လင်မယားအဖြစ် ၂၀၀၁ ခုနှစ် ကတည်းက ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်စဉ် အခန်းအမှတ်-၄(အေ)၊ အမှတ်-၁၃၄၀၊ ငုဝါမြိုင်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဟုခေါ်တွင်သော တိုက်ခန်းအား လက်ထပ်ပွားပစ္စည်းအဖြစ် ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ တိုက်ခန်းသည် ဦးအောင်တင်ဝင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးမြင့်မူတို့ လင်မယားနှစ်ဦး အတူဝယ်ယူပိုင်ဆိုင်ထားကြသော တိုက်ခန်းဖြစ်၍ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးမြင့်မူ မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း မပြုလုပ်ရန် သတိပေးတားမြစ် အပ်ပါသည်။ ထိုတိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးမြင့်မူမသိရှိဘဲ အထက်ဖော်ပြပါ ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူများအား ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုမာ(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၀၇)**
**ဖုန်း-၀၉-၄၂၁၀၀၅၈၉၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၂

မြန်မာ့အဏ္ဏဝါစွမ်းအားရှင်ဂရု(ပ်)အက်(စ်) ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဒါရိုက်တာဦးမြင့်သန်း) နှင့် ဦးကိုကိုထူး

တရားလို — တရားပြိုင်

**ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ကမ္ဘောဇရိပ်သာလမ်း၊ အမှတ်(၁)နေ ဦးကိုကိုထူး** သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ - ၅၄ အရ ထာဝရတားဝရမ်းရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၄ခုနှစ်၊ ဇွန်လ ၃ ရက်** (၁၃၈၆ခု၊ ကဆုန်လဆုတ်၊ ၁၂ ရက်)နေ့ မွန်းမတည့်မီ(၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် (၁) **သက်ဆိုင်သည့်စာရွက်စာတမ်းများ**နှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

**၂၀၂၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စန်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အလုံခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးသောင်းထွန်း၏သမီး မဇွန်ဖြိုးဝေထွန်း [၁၂/လသယ(နိုင်)၁၀၃၆၉၀]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph-09-959464520**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တွံတေးမြို့နယ်၊ ရွှေဆံတော်ရပ်ကွက်နေ မောင်ဟိန်းထက်လင်း၏မိခင်ဖြစ်သူ ဒေါ်သက်ထားဦး[၁၂/လသယ(နိုင်)၀၃၆၇၆၅]နှင့် ဒေါ်သုသုလင်းထက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်သက်ထားဦး(ခ)**
**ဒေါ်သုသုလင်းထက်**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးဟန်ရွှေ၏ သမီး မသန္တာစိုး [၁၄/ဘကလ(နိုင်)၂၁၄၂၀၇] ၏နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-250287443**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ လူနေရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(၆၂၄/က)၊ နတ်ပန်းချီလမ်း၊ မြေဧရိယာပေ(၂၀x၆၀)ရှိ ဒေါ်ခင်လှ ပါမစ်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးလေးခိုင်ထွန်း [၇/ပတတ(နိုင်)၀၉၈၄၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညွန့်အောင်[၉/မခန(နိုင်)၁၃၃၂၄၀]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ပါမစ်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse (၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်-၉၉၁B စခန်းကြီး၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်-၈ ၎ မခွဲစိတ်ရသေးသော ဧရိယာ(၀.၃၁)ဧက အနက်မှ အကျယ်အဝန်း ဧရိယာ(၀.၁၈)ဧက(အလျား ၅၀ပေ x အနံ ၆၀ပေ)ချောင်းဘက်ခြမ်းရှိ ဥယျာဉ်မြေအမျိုးအစား မြေကွက်နှင့်သက်ဆိုင်သည့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သည့် ဒေါ်မြင့်မြင့်ခိုင်[၁၂/ရပသ(နိုင်)၀၇၆၇၁၁]ထံမှ အကျွန်ုပ်မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ရာ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း အကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၉၆)**
**အမှတ်(မမ-၆၉)၊ စံပယ်လမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**Ph-09-5393259**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၈

CB Bank PCL (ယခင်သမဝါယမဘဏ်လီမိတက်) (ရုံးချုပ်)(SME Banking Department) (၎င်း၏ကိုယ်စား ဦးကျော်မင်းအေး- ဒုတိယမန်နေဂျာ) နှင့် ဒေါ်ကေသီဦး

(တရားလို) — (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၁၃)နေ ဒေါ်ကေသီဦး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ CB Bank PCL က **(၂-၁၀-၂၀၂၃)ရက်နေ့ထိ ကျသင့်သော SME CGI ချေးငွေအရင်း၊ အတိုးနှင့် နောက်ကျကြေးငွေ စုစုပေါင်း ၁၂,၄၀၈,၁၃၇.၈၅ တိတိရလိုမှု** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နိုင်လင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာသိင်္ဂီပတ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၃၄၇/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်ညွန့်ရင်အမည်ပေါက် ပါမစ်မြေအမျိုးစားနှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေ/မီးအစုံပါ (အဆောင်(၁၀)ခန်းအပါအဝင်) ၂ထပ်အဆောက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါမြေနှင့်အဆောက်အဦအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသန့်ဇင် [၁၂/ဥကတ(နိုင်)၂၂၂၄၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤမြေနှင့်အဆောက်အဦ အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဝေမာသင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ်-၄၅၃၊ မြေကွက်တည်နေရာအမှတ်(၄၅၃)၊ (၅)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးသောင်း[၁၂/သဃက(နိုင်)၀၅၁၇၃၃]အမည်ပေါက်နှစ်(၆၀)မြေအား အမည်ပေါက် ဦးသောင်း(ဖခင်)၊ ဒေါ်အေးချစ်(မိခင်)နှင့် သား/သမီး(၆)ဦးရှိသည့်အနက် သားတစ်ဦးဖြစ်သူ ဦးလွင်ဟန်ဦးတို့အသီးသီးကွယ်လွန်ကြသဖြင့် ဦးလွင်ဟန်ဦး၏ ပိုင်ဆိုင်ခွင့်အစုအတွက် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန်းသန်းဆင့် [၁၂/သဃက(နိုင်)၁၆၅၂၉၄]နှင့် ကျန်သား/သမီးများဖြစ်ကြသော ဒေါ်ချိုချိုဟန်[၁၂/သဃက(နိုင်)၀၄၇၄၇၃]၊ ဒေါ်အေးအေးမွန်[၁၂/သဃက(နိုင်)၀၅၁၇၃၄]၊ ဦးတင်ကျော်ဦး[၁၂/သဃက(နိုင်)၀၅၁၃၁၄]၊ ဒေါ်စိုးစိုးမော်[၁၂/သဃက(နိုင်)၀၄၇၄၇၉]၊ ဦးအောင်မျိုးသော်[၁၂/သဃက(နိုင်)၁၅၄၄၆၇]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား/ သမီး/ ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ-၂/၃၄၃/၂၀၂၄(၇-၂-၂၀၂၄)၊ ဘဏ်ချေးမြေပုံမူရင်း(၂)ရွက်မှာ အထားအသိုမှားယွင်းပြီး ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ-၃/၁၀၃၀/၂၀၂၄(၁၈-၃-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ် (၄၀)၊ အခန်းအမှတ် (၂၂)၏ အမည်ပေါက် ဒေါ်ဟန်သူသူမောင် [ ၁၂/မဂတ(နိုင်)၀၄၇၁၃၃ ]ထံမှ ဒေါ်ဝင်းမင်းသန်း [ ၅/ရဘန(နိုင်)၀၀၉၆၉၉]နှင့် ဦးကောင်းဇော်ဖြိုး [၉/ခအဇ(နိုင်)၀၁၆၇၇၆] တို့က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၀–တိုးချဲ့၊ မြေကွက်အမှတ်–၁၂၉၊ မြေကွက်တည်နေရာ အမှတ်–၁၂၉၊ ပတ္တမြားလမ်း၊ ၁၀–တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးကျော်သိန်းတန် (၁၂/လသန (နိုင်) ၀၀၉၇၆၄)အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ထံမှ SP(၁၃၇၄၂/၅–၈–၂၀၂၂)ဖြင့် ပါဝါရရှိသူ ဦးအံမ်တူးတူးဂျာ (၁၃/သနန (နိုင်) ၀၀၀၆၉၃)မှ နှစ်(၆၀)ဂရန်၊ ပါဝါ၊ ပါဝါကျမ်းကျိန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေစာရင်းမှတ်ချက်ရှိ ၂၀၂၂–ခုနှစ်တွင် အရောင်းမြေပုံကူးမှတ်ချက်နှင့်ပတ်သက်၍ လျှောက်ထားသူမှ ဌာနမှ ထုတ်ပေးထားသော အရောင်းအဝယ်မြေပုံသည် ခရီးသွားလာရင်း ယူဆောင်သွားမိရာမှ ရှာဖွေမတွေ့ရှိတော့ဘဲ ပျောက်ဆုံးသွားခဲ့ပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာဖြစ်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်တင်ပြထားပါသည်။ သို့ဖြစ်ပါ၍ SP ဦးအံမ်တူးတူးဂျာမှ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၃၅–အီး)၊ မြေကွက်အမှတ်(၅၄ဘီ/၂–စီ)၊ ဧရိယာ(၀.၀၅၄)ဧကရှိ မြေပိုင်မြေကွက် တစ်နည်းအားဖြင့် အမှတ်(၁၅/က)၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ မဟာစည်သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အမာတင်ကြည် [၁၂/ရကန(နိုင်)၀၁၅၈၈၁] ၏ အမည်ဖြင့် မှတ်သားထားပါသည်။ (၁၃–၅–၂၀၂၂) ရက်နေ့တွင် “အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်”အား ဒေါ်အမာတင်ကြည်၏ သား၊ သမီးများဖြစ်ကြသော (၁)ဒေါ်အိအိမိုး [၁၂/ရကန(နိုင်) ၀၁၅၈၈၂]၊ (၂)ဦးအောင်မြတ်မိုး[၁၂/ရကန(နိုင်)၀၀၀၂၅၄]၊ (၃)ဒေါ်လဲ့လဲ့မိုး [၁၂/ရကန(နိုင်)၀၀၃၇၄၀]၊ (၄)ဦးလင်းထက်မိုး [၁၂/ရကန(နိုင်)၀၀၃၇၄၁] တို့၏ အမည်ဖြင့် ချုပ်ဆိုခဲ့ကြပါသည်။ အထက်ဖော်ပြပါ ရောင်းချသူများသည် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၀) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုနန္ဒာထွန်း**
**အထက်တန်းရှေ့နေ (စဉ်–၅၃၇၃၇)**
**အမှတ်–၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၃၁၀၅၁၁၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်–၃၄အိပ်ချ်အိုင်၊ မြေကွက်အမှတ်–၉၂၊ ဧရိယာ(၀.၀၃၄)ဧက၊ မြေကွက်တည်နေရာ အမှတ်(၂၉)၊ စက်မှု(၂)လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဒေါ်မြအေး [၁၂/တမန(နိုင်)၀၃၄၈၇၇]၊ ဦးစံဝ[၁၂/တမန(နိုင်)၀၃၄၆၇၇] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်မြအေး(မိခင်)နှင့် ဦးစံဝ (ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဦးသန်းလွင်၊ ဒေါ်တင်မေရီ၊ ဦးသိန်းဝင်း၊ ဒေါ်အေးအေးသွင်၊ ဒေါ်နန်းမြင့်မြင့်ရီ၊ ဒေါ်နန်းခင်ဆွေထိုက် တို့(၆)ဦး အနက် ဦးသန်းလွင်(လူပျိုကြီးဘဝဖြင့်ကွယ်လွန်) သားတစ်ဦးဖြစ်သူ ဦးသိန်းဝင်း (လူပျိုကြီးဘဝဖြင့်ကွယ်လွန်) သဖြင့် ကျန်သမီးများဖြစ်သော ဒေါ်တင်မေရီ [၁၂/တမန(နိုင်)၀၃၄၆၇၃]၊ ဒေါ်အေးအေးသွင် [၁၂/တမန(နိုင်)၀၃၄၄၉၆]၊ ဒေါ်နန်းမြင့်မြင့်ရီ [၁၂/တမန(နိုင်)၀၃၄၆၆၉]၊ ဒေါ်နန်းခင်ဆွေထိုက် [၁၂/တမန(နိုင်)၀၉၁၃၃၄]တို့မှ မိမိတို့ကသာလျှင် အခြားအမွေစား အမွေခံမရှိအမွေ ဆက်ခံပိုင်ဆိုင်ပါကြောင်း ၁၃–၂–၂၀၂၄ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ လူနေရပ်ကွက်အမှတ်(၁၀၅)၊ ရွှေညောင်ပင်လမ်း၊ မြေကွက်အမှတ်(၁၉၁)၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း(၁၉၂နှင့် ကပ်လျက်အခြမ်း)၊ (အလျား၂၀ပေxအနံ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်၍ ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးအောင်ကျော်လင်း [၁၂/ဒဂတ(နိုင်)၀၃၀၂၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေဂျွန် [၁၄/လပတ(နိုင်)၂၃၅၁၃၁] မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစည်သူဝင်း ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၇၃၄)**
**အမှတ်(၆၄၀/ခ)၊ သရက်တောလမ်း၊ (၁၀၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၀၅၀၉၀၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖေါ့ကန်ရပ်ကွက်၊ အထက်မင်္ဂလာလမ်း၊ အမှတ် (၁၂၀၅) ဟုခေါ်တွင်သော မြေပေါ်တွင် မြေရှင် ဒေါ်ခင်သန္တာအမည်ဖြင့် ဆောက်လုပ်လျက်ရှိသည့် (၂) ခန်းတွဲ၊ (၄)ထပ်တိုက်ရှိ မြေရှင် ဒေါ်ခင်သန္တာ၏ အစ်ကိုဖြစ်သူ ဦးမင်းမင်းရရှိပိုင်ဆိုင်မည့် ဒုတိယထပ် (ခေါင်းရင်းခြမ်း)၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမင်းမင်း [၁၂/အစန(နိုင်) ၁၄၀၄၀၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြင့်ရီမ [၁၂/အစန(နိုင်)၁၂၁၀၄၇] က ကြိုပွိုင့်ဝယ်ယူရန် ပထမအရစ်ငွေအား စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စရပ်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း (LL.B, D.B.L)** | **ဦးထွန်းလင်းကျော် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၇၃ )** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၀၁၅)** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း–၀၉–၄၄၈၀၀၈၇၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့၊ (၉)ရပ်ကွက်၊ အကွက်အမှတ်(၃၉-အုန်းပင်ရှာမြောက်ရပ်)၊ ဦးပိုင်အမှတ်(၂၄/က)၊ မြေကွက်အမှတ်(၁၈/၁၆၈)၊ ဧရိယာ(၀. ၂၉၉)ဧကရှိ မြို့မြေအမျိုးအစား မြေကွက်နှင့်၎င်း၏ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါမြေကွက်ကို ရောင်းချသူ ဒေါ်ခင်သန္တာ(၁၂/ဒဂန(နိုင်) ၀၂၂၀၈၁)သည် မိမိ၏ အမည်ပေါက်ကြောင်း၊လက်ဝယ်ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုတ်အထွေးကင်းကြောင်းဝန်ခံပြီး ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးတန်ဘိုးငွေ၏ အစိတ်အပိုင်းကို ရောင်းချသူ ဒေါ်ခင်သန္တာထံပေးချေထားပါသည်။ဤမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့်ရှိသူတို့မှကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူဤကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုပြီးဆုံးသည်ထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မိမိလှိုင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၅၄)
တိုက်(၈)၊ အခန်း(၇)၊ တိရိစ္ဆာန်ဥယျာဉ်လမ်း၊ ဖဆပလရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
၀၉-၅၁၁၂၀၅၁

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ကျော်ဘ (အငြိမ်းစား)**

**အသက်(၉၀)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ကျော်ဘ (အငြိမ်းစား) အသက် (၉၀)နှစ်သည် ၂၀–၅–၂၀၂၄ရက် နံနက် ၁၀:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အုန်းညွန့်

**ကြီးကြပ်ရေးမှူး(ငြိမ်း)MFTB**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ တိုက်အမှတ်(၁၂၅၆)၊ မြင်တော်သာလမ်း၊ (၁)ရပ်ကွက်နေ (ဦးထွန်းလင်း–ဒေါ်ကြည်ကြည်)တို့၏သမီး၊ (ဦးထွန်းသာအောင်)၏ညီမ၊ ဦးစိန်ဝင်း–ဒေါ်ခင်အုန်းလင်း[ဒု–ကျောင်းအုပ်ကြီး(ငြိမ်း)ရန်ကင်းပညာရေးကောလိပ်]တို့၏အစ်မ၊ မသဇင်စိမ့်(Paing & Paing Company),(I.T Paradise Laptop Distribution)၏ကြီးကြီးသည် ၂၀–၅–၂၀၂၄(တနင်္လာနေ့) ည ၇ နာရီတွင် OSC ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၂–၅–၂၀၂၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၆–၅–၂၀၂၄ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပု–ရပ်ကွက်၊ စမ်းချောင်းလမ်း ၊အမှတ်– ၁၀၄ ရှိ Sanchaung Garden ၏ Main Building အခန်းအမှတ်–၃၁၃ ၊၃–လွှာ ဟုခေါ်တွင်သော ဧရိယာ (၁၀၅၆) စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ အား ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်ခင်မေဝင်း[၅/ခတန(နိုင်)၀၁၁၅၄၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်အေးမီမီထွန်း [၉/မရမ(နိုင်) ၀၇၉၅၂၆] ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ယခု အရောင်းအဝယ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမီမီထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခင်သီတာလဲ့လဲ့ထွန်း(LL.B)** | **ဦးသက်နောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၀၀၅၈/၂၉–၇–၂၀၁၄)** | **(စဉ်–၁၄၃၃၄/၂၇–၄–၂၀၁၈)** |

**တိုက်–၉/၁၁၊ အခန်း–၀၀၅/B ၊ ၃၆–လမ်း(တို)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။**
**PH: ၀၉–၄၂၀၂၆၄၉၆၇ ၊ ၀၉–၂၅၄၃၀၉၄၉၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၉) ရပ်ကွက်၊ ပိတောက် (၄)လမ်း၊ အမှတ်(၁၂၂)၊ အကျယ်အဝန်း (၄၀ x၆၀)ပေ အကျယ်ရှိ (၁) ဒေါ်အေးအေးအောင် [၁၄/ကလန(နိုင်)၀၈၄၄၅၄]၊ (၂) ဒေါ်ခင်လှိုင်အေး [၁၄/ဟသတ(နိုင်)၀၀၀၄၇၄]တို့အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်မှ မြေကွက် အမည်ပေါက်သူ ဒေါ်အေးအေးအောင်ပိုင်ဆိုင်၍ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေ အကျယ်ရှိ မြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချိုချိုသဲ [၁၂/ရကန(နိုင်)၀၀၂၇၈၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သန္တာ (LL.B)** | **ဦးခွန်စန်းဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၄၁၉)** | **အထက်တန်းရှေ့နေ (စဉ်–၅၅၆၃၃)** |

**အမှတ်–၁၀/၁၂၊ ပထမထပ်၊ (ဘီ–၂)၊ (၃၅) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၅၀၃၆၆၃**

## စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ တိုက်အမှတ် –၆၇၊ ၆လွှာ/အေ၊ အကျယ်အဝန်း–၁၂ပေခွဲx၅၀ပေရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းအား မူလမြေပိုင်ရှင်များဖြစ်သော **ဦးမြစိုး[၁၂/စခန(နိုင်) ၀၂၉၀၉၆]**နှင့် **ဒေါ်ဝါနု[၁၂/စခန(နိုင်)၀၂၇၅၀၄]**တို့မှ ပိုင်ဆိုင်၍ လက်ရောက်ရရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးခင်မောင်ချို LL.B, D.B.L** | **ဒေါ်သီတာအောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၄၄၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၀)** |

**အမှတ်–၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၄၃၀၇၁၉၈၅၊ ၀၉–၆၈၅၆၈၇၆၈၀**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ကျော်ဘ (အငြိမ်းစား)**

**အသက်(၉၀)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူကျော်ဘ (အငြိမ်းစား) အသက် (၉၀) နှစ်သည် ၂၀–၅–၂၀၂၄ ရက် နံနက် ၁၀:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)**

## ဝမ်းနည်းကြေကွဲခြင်း

Dr.နန်းစိုးစိုးအောင်(ပါမောက္ခချုပ်)၏မိခင်ကြီး ဒေါ်ခင်ရီ(ခ) ဒေါ်ရီရီမေသည် ၂၀–၅–၂၀၂၄ (တနင်္လာနေ့) နံနက် ၁၁:၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁)**
**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်မှ**
**သင်တန်းသား ညီအစ်ကိုမောင်နှမများ**

### ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်သောင်းကြူ(ပုလော)

**အပူဇော်ခံပုဂ္ဂိုလ်၊ အသင်းဝင်အမှတ်– ၁၄၃၀**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(50/132)၊ ပိတောက်ဝါလမ်းနေ(ဦးမျိုးညွန့်)၏ဇနီး ဒေါ်သောင်းကြူသည် ၂၀–၅–၂၀၂၄ ရက် (တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

နာယက၊ အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

## ဦးထွန်းဝင်း

**အသက်(၇၄)နှစ်**

(ဦးပုကြွယ်–ဒေါ်ဖွားဆင့်)တို့၏သား၊ (ဒေါ်စန်း)၊ ဒေါ်မေသက်ခိုင်၏ ခင်ပွန်း၊ ဦးသိန်းနိုင်ဝင်း–ဒေါ်ဖြူဖြူအေး၊ ဦးကျော်ခိုင်ဝင်း–ဒေါ်ခိုင်နီ၊ ဦးထက်ခိုင်–ဒေါ်နန္ဒာဝင်းတို့၏ ဖခင်၊ မပြည့်ပြည့်ဦး၊ မောင်သိန်းအောင်ဖြိုး၊ မောင်လရောင်ဟိန်းတို့၏အဘိုး ဦးထွန်းဝင်း အသက်(၇၄)နှစ်သည် ၂၀–၅–၂၀၂၄(တနင်္လာနေ့) နံနက်၄:၃၅နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂၂–၅–၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၈နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိပါစေခြင်း အကျိုးငှာ ၂၆–၅–၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဘုရားအမှူးရှိသော ပဉ္စသံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း အစရှိသော ဒါတဗ္ဗဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဓမ္မာရုံလမ်း၊ အမှတ်(၃၁)နေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကင်းမြို့နယ်၊ မြတောင်ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘေးလမ်းထောင့်၊ အမှတ်(၈၅)၊ THE CENTRAL Tower 1 Level 18 Unit K ကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးသူရစိုး [၁၂/အစန(နိုင်)၁၆၁၁၆၁]မှ အမည်ပေါက်လျက် ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးအောင်ဆန်းဦး[၉/တသန(နိုင်)၁၁၁၇၅၉]မှ ဝယ်ယူရန်သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ဆန်းဦး၏ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊(၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၄၀၇၂၂၉**

## အများသိစေရန်ကြေညာခြင်း

တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ် (၃၄)၊ (၃–လွှာ/ဘီ)၊ (ခြေရင်းခန်း) ဒုတိယထပ်ဟု ခေါ်တွင်သော (တိုက်ခန်း)အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်အေးအေးခိုင် [၁၂/တမန(နိုင်)၀၉၅၁၈၁]မှ အရပ်ကတိစာချုပ် အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ထိုအရပ်ကတိစာချုပ်များသည် မှန်ကန်ပါကြောင်းဝန်ခံသည့်အပြင် နောက်နောင် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ပြီးပြတ်သည်အထိ အကုန်ကျခံ၍ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်ခင်အေးမြင့် [၁၂/ဥကတ(နိုင်)၀၂၉၂၅၃]+၁ တို့မှ(၂၁–၅–၂၀၂၄) ရက်စွဲပါ“တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ် ” ချုပ်ဆို၍ ငွေအပြေ အကျေပေးချေပြီး ဝယ်ယူပိုင်ဆိုင်လျက် (တိုက်ခန်း)အား လက်ရောက်လွှဲပြောင်းရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူများ** | **ညွှန်ကြားချက်များအရ** |
| **ဒေါ်ခင်အေးမြင့် + ၁** | **ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြငွေး (H.G.P, LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၆၀၅/၂၀–၇–၁၉၉၈)** |
| | **ရုံး– (ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊** |
| | **မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း– ၀၉–၅၄၀၇၂၂၉** |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ယနေ့နိုင်ငံများအကြား ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို လေ့လာကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေးစသည့် နည်းလမ်းများနှင့် ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ပြီး လုပ်ဆောင်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်...**

❖ **ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို အပေါ်ယံမြင်ကွင်းလောက်သာ သုံးသပ်သိရှိခြင်းမျိုးထက် မြင်ကွင်းနောက်ကွယ်က အကြောင်းတရားများကိုပါ စဉ်းစားဖော်ထုတ်နိုင်စွမ်းရှိအောင် လုပ်ဆောင်သွားရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား တံတားအမှတ်(၇၈) မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရသဖြင့် ရထားခရီးစဉ်များကြန့်ကြာမှုဖြစ်



နေပြည်တော် မေ ၂၁

ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၄/၁၄-၁၃ ရှိ တံတားအမှတ်(၇၈)ပေ ၆၀ အောက်ခံသံပေါင်တံတားအား ယမန်နေ့ ည ၉ နာရီခွဲတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

မိုင်းဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် ရောက်ရှိပြီး နယ်မြေရှင်းလင်းစစ်ဆေးခဲ့ရာ တံတားမရောက်မီ ရန်ကုန်ဘက်ခြမ်းပေ ၁၀၀၀ အကွာ ကားလမ်းကူးနေရာတွင် စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❂

ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား တံတားအမှတ်(၇၈) ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၁

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ကနဦးတွင် အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် မေ ၂၄ ရက်၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**ယနေ့ ဖတ်စရာ**

**မီးမပျက်စေချင်ပါ**



ဆောင်းပါး စာမျက်နှာ » ၁၁

**ဝိုင်းမော်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက် ပေါက်ကွဲမှုကြောင့် ပြည်သူခြောက်ဦး သေဆုံးခဲ့ပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅

## ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာအသင်းများ ဆီမီးဖိုင်နယ်တွင် ရှုံးနိမ့်

ရန်ကုန် မေ ၂၁

ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၁ ရက်က မလေးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်းသည် နှစ်ယောက်တွဲနှင့် သုံးယောက်တွဲပြိုင်ပွဲ နှစ်ခုစလုံးတွင် ဗိုလ်လုပွဲနှင့် လွဲချော်ကာ ပူးတွဲတတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။

သုံးယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်အနိုင်ရသဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင်လည်း အိမ်ရှင်မလေးရှားအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲနှင့်လွဲချော်ကာ ပူးတွဲတတိယဆုဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၃ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၁၁ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်မလေးရှားအသင်းသည် အိမ်ရှင်အခွင့်အရေး အပြည့်အဝအသုံးချကာ မရသင့်သည့် အမှတ်အချို့ရယူသွားခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❖



သုံးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်အဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။